# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ်(၃၀၂)


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**၂၀၂၅ ခုနှစ်၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း**

ဥပဒေ စာ ၃

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး ကျင်းပ

## မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများမရှိသင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လို

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအစိုးရအဖွဲ့သည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဖွဲ့စည်းထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့ ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဒို့တာဝန်အရေး(၃)ပါး ဖြစ်သည့်

*စာမျက်နှာ ၄ ကော်လံ ၁* ❑



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။


**ယနေ့ ဖတ် စ ရာ**

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်** — ထုတ်ပြန်ချက် စာ ၃

**လက်ရေးညီညီ ရေးစီကြရမည့် သမိုင်းစာမျက်နှာသစ်** — ဆောင်းပါး စာ ၆

**နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဆိုတာ . . .** — ဆောင်းပါး စာ ၁၀

**ဇွန်လအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ နိုင်ငံခြားခရီးသွားလာရောက်မှုမြင့်မားသော်လည်း သုံးစွဲငွေတွင်လျော့ကျ** — နိုင်ငံတကာသတင်း စာ ၁၄

# ၂၀၂၅ ခုနှစ်၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**၂၀၂၅ ခုနှစ်၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ( ၁ /၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ၂၀၂၅ ခုနှစ်၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၂ ကို အကိုးအကားပြု၍ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၅၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ ပြဋ္ဌာန်းချက်များကို ရပ်ဆိုင်းထားလိုက်သည်။

၄။ ဤဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များ ဖွဲ့စည်းခြင်းမပြုနိုင်သေးမီ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးဆောင်ရွက်သည့် ကာလအတွင်းသာ ဖြစ်သည်ဟု မှတ်ယူရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်-

**(ပုံ) မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ယာယီသမ္မတ(တာဝန်)**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**သတင်းထုတ်ပြန်ချက်အမှတ် (၉/၂၀၂၅)**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၃၁ ရက်နေ့တွင် အမိန့်အမှတ် (၁၁/၂၀၂၅) ဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဆက်လက်ခန့်အပ် တာဝန်ပေးအပ်ခဲ့သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်ရန်အလို့ငှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၅ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်ကို နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းမှု အသွင်သဏ္ဌာန်နှင့် လိုက်လျောညီထွေရှိစေရန်၊ ခိုင်မာစွာ ရေရှည်ရပ်တည်နိုင်စေရန်တို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး၊ အဆိုပါဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းခဲ့သည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အဓိကလုပ်ငန်းတာဝန်များဖြစ်သည့် ပြည်သူများအား လူ့အခွင့်အရေးပညာပေးရေးနှင့် အသိပညာပြန့်ပွားရေး မြှင့်တင်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေး ဖောက်ဖျက်ခံရခြင်းမရှိစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတော်၏ တည်ဆဲဥပဒေများသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်များနှင့် လိုက်လျောမှုရှိစေရန် အကြံပြုခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သော လူ့အခွင့်အရေးစာချုပ်များကို အစိုးရအဖွဲ့သို့ တင်ပြအကြံပြုခြင်း၊ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများသာမက အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ခြင်းစသည့် တာဝန်နှင့် လုပ်ငန်းများကို ရှေ့လုပ်ငန်းစဉ် မူဘောင် (The Framework of Action Plan) နှင့် နှစ်စဉ်လုပ်ငန်းစီမံချက် (Operational Plan) ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးနှင့်စပ်လျဉ်း၍ ပြည်သူများ လူ့အခွင့်အရေးဆိုင်ရာ အသိအမြင် ဗဟုသုတ ရရှိစေရန် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ လူမှုအဖွဲ့အစည်းအသီးသီးအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ၄ ကြိမ်၌ တက်ရောက်သူ ၆၁၀ ဦးအား ဟောပြောခဲ့ပြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဝန်ကြီးဌာနများမှဖွင့်လှစ်သော သင်တန်းများတွင် လူ့အခွင့်အရေးသင်ခန်းစာ ပို့ချဆွေးနွေးမှု ၃၅ ကြိမ်၌ နိုင်ငံ့ဝန်ထမ်း သင်တန်းသား/ သူ ၂၈၆၈ ဦးတို့အား ပို့ချဆွေးနွေးခဲ့သည်။

၅။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့် စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက် ၁၅၉ စောင်ကို လက်ခံရရှိခဲ့ရာ တိုင်တန်းစာ စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး ၂၉ ကြိမ် ကျင်းပ၍ စိစစ်ဆောင်ရွက်ခဲ့ပါသည်။ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ၊ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိမရှိတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးလျက်ရှိရာ အကျဉ်းထောင် ၅ ခု၊ အချုပ်ထောင် ၁ ခု၊ အကျဉ်းစခန်း ၇ ခု၊ ရဲစခန်း အချုပ်ခန်း ၄ ခု၊ တရားရုံးအချုပ်ခန်း ၁ ခု၊ လူငယ်သင်တန်းကျောင်း ၂ ခုနှင့် ဘိုးဘွားရိပ်သာ ၄ ခုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဌာနများသို့ အကြံပြုချက် ၁၇၉ ချက် ပေးပို့ခဲ့သည်။

၆။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ကော်မရှင်၏ ဥပဒေရေးရာ ဆောင်ရွက်ချက်များအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့လာသော ဥပဒေ (မူကြမ်း) နှစ်ရပ်အပေါ် လူ့အခွင့်အရေးဆိုင်ရာ သဘောထားအကြံပြုချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့ခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များအနက် Convention on the Elimination of All Forms of Discrimination against Women – CEDAW အစီရင်ခံစာနှင့် Convention on the Rights of the Child – CRC အကောင်အထည်ဖော်မှု နိုင်ငံအဆင့် အစီရင်ခံစာများ ပြုစုရာတွင် ပံ့ပိုးကူညီခြင်းတို့အပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များဖြစ်သော မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities – CRPD) နှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ် (CEDAW–OP) တို့ကို ဘာသာပြန်ဆိုပုံနှိပ်ခဲ့သည်။

၇။ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ထိတွေ့ ဆောင်ရွက်မှုအနေဖြင့် ကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း အာရှပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် အစည်းအဝေး ၁ ကြိမ်၊ အရှေ့တောင်အာရှအမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်လုပ်ငန်းအဖွဲ့ အစည်းအဝေး ၂ ကြိမ်၊ အဆင့်မြင့် အစည်းအဝေး ၁ ကြိမ် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။ နိုင်ငံတကာနှင့် ဒေသတွင်း လူ့အခွင့်အရေးအဖွဲ့အစည်းများက ကျင်းပသော လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် အစီအစဉ်များသို့ ၆ ကြိမ် ပါဝင်တက်ရောက်ခဲ့သည်။

၈။ ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အစီရင်ခံစာများ ပြုစုခြင်းနှင့် သင့်လျော်သလို ထုတ်ပြန်ခြင်းများ ဆောင်ရွက်ရန် တာဝန်ရှိသည့်အလျောက် ကော်မရှင်၏ ဆောင်ရွက်ချက် သတင်းများကို ပြည်သူအများသိရှိနိုင်စေရန် နိုင်ငံပိုင် ရုပ်မြင်သံကြားနှင့် သတင်းစာများ၊ ကော်မရှင် Website နှင့် Myanmar National Portal တို့တွင် ဖော်ပြလျက်ရှိသည့်အပြင် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်များကိုလည်း အခါအားလျော်စွာ ထုတ်ပြန်လျက်ရှိသည်။

၉။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်ရေးကော်မရှင်အနေဖြင့် နိုင်ငံသားတို့၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းတာဝန်များကို ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ နည်းဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေး

**ကသာ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျန်တောကျေးရွာအုပ်စု ဓမ္မာရုံ၌ ပြည်သူများအား ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ နည်းဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်းကို ဇူလိုင် ၃၀ ရက်က ပြုလုပ်သည်။



ဆွေးနွေးပွဲတွင် ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက ကသာခရိုင်အတွင်းရှိ နယ်မြေဒေသအခြေအနေများ၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြည်သူလူထု၏ စားဝတ်နေရေးအထိ သက်ရောက်လာနိုင်သည့် အကျိုးဆက်များ၊ ဒေသခံပြည်သူများ၏ နယ်မြေလုံခြုံတည်ငြိမ်ရေး ပူးပေါင်းရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကျန်တောကျေးရွာ အုပ်စုမှ ဒေသခံပြည်သူ ၈၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ **ကျော်စွာထွန်း(ကသာ)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❖ ပြည်သူများ၏ လိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ပေါ်၌ လျှောက်လှမ်းရာတွင် ရွေးကောက်ပွဲသည် အဓိကကျ

❖ ထို့ကြောင့် ယခုနှစ် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည်ဖြစ်သည်ကို နိုင်ငံတော်အကြီးအကဲက ပြည်သူများကို အသိပေးပြောကြားပြီးဖြစ်

❖ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရမည်

❑ *ရှေ့ဖုံးမှ*

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အား ဦးထိပ်ထားပန်ဆင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန်လိုကြောင်း၊ အလားတူ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ချမှတ်ထားသည့် ဦးတည်ချက် (၄)ရပ် အား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများမရှိသင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံအတွင်း နေထိုင်ကြသူများအားလုံးက ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်သွားနိုင်သည့် လုပ်ဆောင်ချက်များကို ရှောင်ရှားကြရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရန်လိုကြောင်း၊ ပြည်သူများ၏လိုလားချက်ဖြစ်သည့်ပါတီစုံဒီမိုကရေစီလမ်းကြောင်း ပေါ်၌ လျှောက်လှမ်းရာတွင် ရွေးကောက်ပွဲသည် အဓိကကျကြောင်း၊ ထို့ကြောင့် ယခုနှစ် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်ကို နိုင်ငံတော်အကြီးအကဲက ပြည်သူများကို အသိပေးပြောကြားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ဆန္ဒမဲမပေးနိုင်သူများအား ကြိုတင်မဲများပေးနိုင်ရေး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးသွားရန် လိုကြောင်း။

နိုင်ငံတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ကဏ္ဍများအလိုက် ပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

## နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူအများစုသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ပြီး ဆင်းရဲမွဲတေမှုလျှော့ချနိုင်ရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံ့စီးပွားမှာလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေး အားလုံးက အလေးပေးဆောင်ရွက်သွားကြရန် လိုကြောင်း၊ စိုက်ပျိုးမြေများကို စနစ်တကျအသုံးချရန်လိုသကဲ့သို့ တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာ ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိမည်ဖြစ်သည့်အပြင် ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေဩဇာများ လုံလောက်စွာ ရရှိရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလားတူ စိုက်ပျိုးရေးထွက်ကုန်တစ်ခုဖြစ်သည့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဆီဖူလုံရေးနှင့်ပတ်သက်၍ ဆီထွက်သီးနှံများမှ မိမိတို့နိုင်ငံအတွက်လိုအပ်သည့် စားသုံးဆီများ ထုတ်လုပ်နိုင်သည့်အတွက် ပြည်ပသွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းဆီဖူလုံရေး၊ ဆီဈေးတာနိုင်ရေးအတွက် ယခင်ကတည်းက ဆောင်ရွက်လျက်ရှိသော်လည်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီထွက်သီးနှံများ ထုတ်လုပ်မှု ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးနိုင်သည့် နေရာများတွင် ဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့်ဆောင်ရွက်၍ အထွက်ကောင်းအောင်စိုက်ပျိုးရန်နှင့် နေကြာစိုက်ပျိုးမှုအား ယခုထက် ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း။

**“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့”** ဆိုသည့်အတိုင်း လက်တွေ့ကျသည့် လုပ်ငန်းများတွင် ကျေးလက်စီးပွားရေးမြှင့်တင်ခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင် စိုက်ပျိုးမြေများစွာရှိပြီး အဆိုပါစိုက်ပျိုးမြေများကို ထိရောက်စွာအသုံးချသွားရန်လိုကြောင်း၊ စားရေရိက္ခာဖူလုံရေးအတွက် အသားငါးများ ပြည်တွင်း၌ ဖူလုံမှုရှိအောင် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး စသည်တို့ကိုလည်း ဒေသအလိုက် မွေးမြူသွားကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများကို နိုင်ငံတော်ဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် ကဏ္ဍအလိုက် ရန်ပုံငွေများကို ချထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းများဆောင်ရွက်ရန်အတွက် နှစ်စဉ်ချထားပေးသည့် နိုင်ငံတော်ရန်ပုံငွေများကို အကျိုးရှိစွာဖြင့်အသုံးချပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

## နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံသားများ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”**ဆိုသည့် အတိုင်း နိုင်ငံတစ်ဝန်း ပညာရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အတတ်ပညာသည် အတန်းပညာကိုအခြေခံသဖြင့် အတန်းပညာများ မြင့်မားစေရေး မဖြစ်မနေ အားပေးဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေးအလေးထားဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေးအတွက် သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနအနေဖြင့် လေ့လာသုံးသပ်သုတေသနပြုလုပ်၍ ကုစားနိုင်မည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ နောင်လာမည့် အစိုးရအနေဖြင့်လည်း နိုင်ငံ၏ ပညာရေးကဏ္ဍမြင့်မားရေးကို ဆက်လက်အားပေးဆောင်ရွက်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးထားခဲ့ရမည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့်ဆေးဝါးကုသမှုပေးနိုင်ရေး ထိထိရောက်ရောက် ဖော်ဆောင်နိုင်မည့် မူဝါဒများ၊ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့ဒေသများတွင် အကြမ်းဖက်မှုနှင့် ပဋိပက္ခများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများတွင် အားနည်းချက်များ ရှိနေသေးကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအပြင် ကျန်းမာရေးနှင့်နီးနွယ်ကြသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းခန့်အပ်သည့်အချိန်တွင်လည်း သက်ဆိုင်ရာတာဝန်ကျသည့် နယ်မြေဒေသများသို့ အမှန်တကယ်သွားရောက်တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ သွားရောက်သည့်ကာလတွင်လည်း အချိန်ကာလတစ်ခု သတ်မှတ်၍ တာဝန်ပေးအပ်သွားရန်လိုကြောင်း။

နိုင်ငံတော်အကြီးအကဲမှ ချမှတ်ထားသည့် “ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်”၊ “လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိ”၊ “ဆေးရုံတိုင်း ဆရာဝန်ရှိရမည်” ဆိုသည့် မူဝါဒအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

## နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့

ယခုအခါတွင် ကမ္ဘာတစ်ဝန်း၌ ရေကြီးခြင်း၊ ငလျင်လှုပ်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းများ၊ မြစ်ချောင်းများ တိမ်ကောမှုကြောင့် ရေကြီးမှုများ ဖြစ်ပေါ်လာခြင်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာရေးအတွက် မိမိတို့အနေဖြင့် သစ်တောသစ်ပင်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုအနေဖြင့် ယခင်က ၅၀ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိသည့်အတွက် သစ်တောဖုံးလွှမ်းမှုများ တိုးတက်လာစေရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်ပင်များကို တိုးချဲ့စိုက်ပျိုးသွားရန် လိုကြောင်း၊ **“နိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင် ထိန်းကြစို့”** ဆိုသည့်အတိုင်း သစ်တောဧရိယာများ၌ နှစ်ရှည်ပင်များနှင့် အရိပ်ရလေကာပင်များကို တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း။

နိုင်ငံတော်အတွက် လက်ရှိအချိန်တွင်ဆောင်ရွက်ရန်လိုအပ်သည်များကို မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အားလုံးအတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့မျှော်မှန်းထားသည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသည့်ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်ကျရောက်ခဲ့သည့် ဒေသများ၌ မိုးတွင်းကာလဖြစ်သဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်ချက်များရှိသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း၌ သင့်တင့်သည့် ကုန်ဈေးနှုန်းများဖြစ်စေရေး ဝန်ကြီးဌာနများအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရမှုများနှင့်စပ်လျဉ်း၍ ထောက်ပံ့ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးသွားကြစေလိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများ အချိန်မီရရှိစေရေးအလေးထား ဆောင်ရွက်ရန်လိုအပ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်ပြီး နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေများ ယခုထက်ပိုမိုတိုးတက်ရရှိမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း တောင်သူများ၏ စားဝတ်နေရေးအတွက် ဝင်ငွေတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်မိုးရာသီတွင် စိုက်ဧကပြည့်မီစေရေးနှင့် ပန်းတိုင်အထွက်နှုန်းတိုးတက်စေရေးအတွက် ဓာတ်မြေဩဇာများကိုတောင်သူများလက်ဝယ် အချိန်မီရောက်ရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးအနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုကာလတွင် နိုင်ငံတော်အနေဖြင့် အခက်အခဲများကို ကျော်လွှားပြီး ဆောင်ရွက်နိုင်ခဲ့သည်များရှိပါကြောင်း၊ အစိုးရအဖွဲ့ဝန်ကြီးများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ကာလအတွင်း နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် ဦးတည်ချက် (၄)ရပ်တို့ကို အကောင်အထည်ဖော်နိုင်ရေးအတွက် အားလုံးအတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ ဆီဖူလုံရေးနှင့်ပတ်သက်၍ ဆီထွက်သီးနှံများမှ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် စားသုံးဆီများ ထုတ်လုပ်နိုင်သည့်အတွက် ပြည်ပသွင်းကုန် အစားထိုး ထုတ်လုပ်နိုင်ရန်လို

❖ “နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့” ဆိုသည့်အတိုင်း လက်တွေ့ကျသည့် လုပ်ငန်းများတွင် ကျေးလက်စီးပွားရေးမြှင့်တင်ခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်

## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး လူမှုဖူလုံရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်မည့် ဆရာဝန်များအား တွေ့ဆုံအမှာစကားပြောကြား

# လုပ်ငန်းခွင် လက်တွေ့လေ့လာသင်ယူကြရန်နှင့် နွေးထွေးပျူငှာစွာ စေတနာထားဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁**

ကျန်းမာရေးဝန်ကြီးဌာနမှ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အတွက် ခန့်အပ်တာဝန်ပေးအပ်ခဲ့သည့် ဆရာဝန်(သစ်လွင်)များကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ယာယီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဆေးရုံကြီး (ရန်ကုန်၊ မန္တလေး)တို့တွင် တာဝန်ထမ်းဆောင်မည့် ဆရာဝန်များနှင့် ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနမှ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့အတွက် ဆရာဝန်(သစ်လွင်) ၁၄ဦး ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများကို လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ကုန်နှင့် မန္တလေးတို့ရှိ အလုပ်သမားဆေးရုံကြီး၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း၊ ဌာနကြီးဆေးခန်း၊ တိုင်းရင်းဆေးကုခန်း ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်သည့်စာချုပ်ဆေးခန်း၊ သားဖွားခန်းနှင့် ရွေ့လျားဆေးကုသယာဉ်များအပြင် အလုပ်သမားဆေးရုံကြီး (ရန်ကုန်)၊ (မန္တလေး)တို့၌ ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဆရာဝန်(သစ်လွင်)များအနေဖြင့် အလုပ်သမားဆေးရုံကြီးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့်လက်တွဲ၍ ဆေးကုသမှုဆိုင်ရာ အတွေ့အကြုံများအား လုပ်ငန်းခွင်လက်တွေ့လေ့လာသင်ယူကြရန်နှင့် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ နွေးထွေးပျူငှာစွာ စေတနာထား ဆောင်ရွက်ကြရန် မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဆေးရုံကြီး (ရန်ကုန်၊ မန္တလေး) တို့တွင် တာဝန်ထမ်းဆောင်မည့် ဆရာဝန်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**

## ကယားပြည်နယ် ဝန်ကြီးချုပ် စက်မှုဇုန်မှ လုပ်ငန်းရှင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

# ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန် သက်ဆိုင်ရာဌာနများမှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်

လွိုင်ကော် ဩဂုတ် ၁

**ကယားပြည်နယ် လွိုင်ကော်စက်မှုဇုန်ရှိ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် လည်ပတ်နိုင်ရေးနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် လွိုင်ကော်စက်မှုဇုန်လုပ်ငန်းရှင်များ၊ ဆန်၊ ဆီ၊ ပြောင်းလုပ်ငန်းရှင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းရှင်များတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။**

တွေ့ဆုံပွဲသို့ ပြည်နယ်အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ နာယက၊ စက်မှုဇုန်စီမံခန့်ခွဲမှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ အေဂျင်စီအဖွဲ့ဝင် ဌာနဆိုင်ရာများ၊ MSMEလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ ပြည်နယ်အတွင်း MSME လုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်စေရေးနှင့် ထုတ်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန် လိုအပ်သည့် နည်းပညာနှင့် ဈေးကွက်ရရှိရေး၊ MSME ချေးငွေ အကူအညီများ ရယူနိုင်ရေး သက်ဆိုင်ရာဌာနများမှလိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် လွိုင်ကော်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းအောင်ထွန်းက လွိုင်ကော်စက်မှုဇုန်လုပ်ငန်းများ ပြန်လည်လည်ပတ်လုပ်ကိုင်နိုင်မည့် အခြေအနေ၊ ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးသိန်းလွင်က အသင်းအနေဖြင့် ကူညီချိတ်ဆက်ပေးမည့် အခြေအနေ၊ ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းနိုင်စိုးက လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှု၊ ပြည်နယ်ဆန်စပါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြည်နယ်အတွင်း ဆန်စပါး စီးဝင်စီးထွက်မှုများ၊ ပြည်နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင်မင်းနိုင်က ပြည်သူများသို့ စားသုံးဆီဖြန့်ဖြူးပေးနေမှုများနှင့် ပြည်နယ်ပြောင်းလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးနေသူလွင်က ပြောင်းသီးနှံ စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့မှု အခြေအနေများအား ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအလိုက် လိုအပ်ချက်များ တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ် ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်တွင် ရောက်ရှိနေသည့် နွားလပိုးကျေးရွာအုပ်စု လင်ဖုံလေးကျေးရွာမှ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားပြီး ယာယီနေရပ်စွန့်ခွာပြည်သူများ တင်ပြသည့် ကိစ္စရပ်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကြံခင်းမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**ကြံခင်း ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ခြင်းနှင့် သီးနှံအာမခံထားရှိခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရှိ ဧရာဦးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဧရာဝတီတိုင်းဒေသကြီး မန်နေဂျာ ဦးဝင်းနိုင်က မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ခရိုင်တာဝန်ခံ ဦးဝင်းဌေးမောင်က အာမခံထားရှိနိုင်သည့် အမျိုးအစားများ၊ အာမခံထားရှိခြင်းကြောင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီး မန်နေဂျာ ဦးဝင်းနိုင်၊ မြန်မာ့အာမခံလုပ်ငန်း ခရိုင်တာဝန်ခံ ဦးဝင်းဌေးမောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကြံခင်းမြို့နယ်ဘဏ်(ခွဲ)မန်နေဂျာ ဒေါ်လွင်လွင်ဦးတို့က တောင်သူများထံ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ပေးအပ်သည်။



**ဖြိုးဝေလင်း(ပြန်/ဆက်)**

## မင်းလှမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့အသုံးပြုခြင်း သင်တန်းဖွင့်

**မင်းလှ ဩဂုတ် ၁**

မင်းလှမြို့နယ်၌ ပါတီစုံ အထွေထွေရွေးကောက်ပွဲ မဲပေးနိုင်ရေးအတွက် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ သင်တန်းနှင့်လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မင်းလှမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ခိုင်မို့မို့ကျော်က ရွေးကောက်ပွဲတွင် MEVM မဲပေးစက်ဖြင့် မဲပေးရာ၌ လွယ်ကူစွာ အသုံးပြုနိုင်စေရန် မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းကို ရှင်းလင်းဆွေးနွေးပြီး ဌာနဆိုင်ရာ ဝန်ထမ်းများက MEVM မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးကြသည်။



အဆိုပါမြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) လက်တွေ့ကိုင်တွယ်အသုံးပြုနည်းဆိုင်ရာ သင်တန်းကို ဩဂုတ် ၁ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်၍ မဲရုံတွင် တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများ စုစုပေါင်း ၁၁၇ ဦးအား သင်ကြားပေးသွားမည် ဖြစ်သည်။

**ဝင်းမြတ်(အထက်မင်းလှ)**

# လက်ရေးညီညီ ရေးစီကြရမည့် သမိုင်းစာမျက်နှာသစ်

**သာထူး**

ရွှေပဒေသာ၊ ငွေပဒေသာ မြေမှာပေါက်စေသောဝ်တဲ့။ ရှေးလူကြီးတွေ မျှော်မှန်းတောင့်တခဲ့ကြတဲ့ အရာပါ။ သူ့ခေတ်နဲ့သူ့အခါ တိုင်းပြည်စည်ပင်သာယာဝပြောရေး၊ ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်ရေးကို ဆိုလိုခြင်းဖြစ်ပြီး လက်တွေ့အားဖြင့်လည်း “မုဆိုးမတောင် ဘုရားတည်နိုင်တယ်” ဆိုတဲ့ ခေတ်ကြီးတစ်ခေတ် ရှိခဲ့တာဖြစ်ပါတယ်။ အခုချိန်ထိ မျက်မြင်အထောက်အထားတွေကလည်း ငြင်းမရအောင် ထင်ထင်ရှားရှားရှိနေဆဲပါ။ နှစ်ပေါင်းထောင်ချီ ကြာမြင့်လာတဲ့အထိ နိုင်ငံသူ၊ နိုင်ငံသားတွေ ဂုဏ်ယူဝင့်ကြွားနိုင်ရလောက်အောင် ပထမမြန်မာနိုင်ငံတော်ကြီးကို ထည်ထည်ဝါဝါ၊ ဂုဏ်ဒြပ်မြင့်မြင့်မားမား တည်ဆောက်နိုင်ခဲ့ကြတာဟာ အခြေခံအားဖြင့် စီးပွားရေးကောင်းမွန်ခဲ့ကြလို့၊ ပညာရည်မြင့်မားခဲ့ကြလို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်းပေါ်မှာတည်ရှိတဲ့ ပုဂံနေပြည်တော်ကို ဗဟိုပြုပြီး တည်ထောင်ခဲ့တဲ့ ပထမမြန်မာနိုင်ငံတော်ကြီးဟာ သူ့ခေတ်သူ့အခါမှာ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်ခဲ့ပါတယ်။ ပူပြင်းခြောက်သွေ့တဲ့ဒေသမှာ တည်ထားတဲ့ ပုဂံမြို့တော်ရဲ့ ရေပေးရေးစနစ်မှာ ပုဂံသားတွေရဲ့ တီထွင်ဖန်တီးနိုင်စွမ်းအားကို တွေ့နိုင်ပြီး ကျောထောက်နောက်ခံနယ်မြေတွေမှာ ဆည်မြောင်းတွေ တည်ဆောက်တာ၊ ကန်တွေဆည်ဖို့တာကို ဘုရင်မင်းမြတ်တွေကိုယ်တိုင်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ စိုက်ပျိုးရေး ကုန်ထုတ်စွမ်းအားမြင့်မားဖို့ မင်းနဲ့ပြည်သူအတူတကွ ကြိုးပမ်းအားထုတ်အလုပ်လုပ်ခဲ့ကြတာပဲဖြစ်ပါတယ်။ ကုန်ထုတ်စွမ်းအားမြင့်မားတာနဲ့အမျှ ကုန်သွယ်စီးပွားကလည်း ဖွံ့ဖြိုးခဲ့ပါတယ်။ ဧရာဝတီမြစ်ကြီးဟာ ပင်လယ်ထွက်ပေါက်ရေလမ်းကြောင်းကြီးဖြစ်ပြီး ပုသိမ်ကတစ်ဆင့် နိုင်ငံတကာကို သွားလာနိုင်ပါတယ်။ ဒါ့အပြင် ရှေးခေတ်တရုတ်ပိုးလမ်းမကြီးရဲ့ လမ်းခွဲတစ်ခုဟာ မြန်မာနိုင်ငံကို ဖြတ်သန်းသွားတာမို့ မြန်မာနိုင်ငံရဲ့အကျိုးစီးပွားကိုပါ ဖြစ်ထွန်းစေခဲ့တယ်လို့လည်း ယုံကြည်ရပါတယ်။ နိုင်ငံတော်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအားမြင့်မားမှုကြောင့် လူတိုင်းစီးပွားရေးကောင်းမွန်ကြတဲ့အခါ ပညာရေးအားဖြင့်လည်း သာမန်အရပ်သူ၊ အရပ်သားများသည်ပင်လျှင် မြင့်မြင့်မားမား တတ်မြောက်ခဲ့ကြတယ်လို့ ဆိုပါတယ်။ အမျိုးသမီးတွေ ရေတွင်းမှာ ရေအတူခပ်ရင်း အဘိဓမ္မာအကြောင်းအရာ ပြောကြတဲ့အကြောင်းတွေ၊ နန်းတွင်းမှာ ရဟန်းတော်တွေကို ကန့်လန့်ကာနောက်ကနေပြီး စာဝါပို့ချတဲ့ သံဗျင်မင်းသမီးရဲ့အကြောင်း စတာတွေဟာ ပထမမြန်မာနိုင်ငံတော်ကာလ အမျိုးသားပညာရည် မြင့်မားမှုအကြောင်းကို ပြောပြနေခြင်းပဲဖြစ်ပါတယ်။

အစကို ပြန်ကောက်ပြီးပြောရရင်တော့ ပဒေသာပင်မြေမှာပေါက်တဲ့ခေတ်ကို လူတိုင်းလိုချင်ကြပါတယ်။ ကမ္ဘာ့နိုင်ငံတွေနဲ့ ရင်ပေါင်တန်းတဲ့အခါ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံသား၊ စည်ပင်သာယာဝပြောတဲ့ နိုင်ငံသားအဖြစ် ခေါင်းမော့ရင်ကော့ချင်ကြတာပဲဖြစ်ပါတယ်။ ဒါပေမယ့် ကမ္ဘာမှာ တချို့နိုင်ငံတွေက အလွန်ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တချို့ကတော့ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနောက်ကျကြပါတယ်။ တချို့ကတော့လည်း တစ်ဆင့်ပြီးတစ်ဆင့် မှန်မှန်ဖွံ့ဖြိုးတိုးတက်နေကြတာဖြစ်ပါတယ်။ နိုင်ငံတွေ တစ်နိုင်ငံနဲ့ တစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုချင်း မတူညီကြတာဟာ လူမျိုးအရ အရည်အသွေးကွာခြားမှုကြောင့်၊ တချို့သော လူမျိုးတွေ ညံ့တာကြောင့်လို့ ယူဆကြတာရှိပြီး အဲဒီအယူအဆကို လူမျိုးအရ နိမ့်ကျမှုအယူအဆလို့ ခေါ်ကြပါတယ်။ ဆိုလိုတာက ကမ္ဘာပေါ်မှာ လူမျိုးတစ်မျိုးနဲ့တစ်မျိုး ကာယ၊ ဉာဏ၊ ဗွဲ ၊ လုံ့လ၊ ဝီရိယစတဲ့အစွမ်းအစ အရည်အချင်းတွေ မတူညီကြဘူး။ တချို့က အစွမ်းအစအရည်အချင်းမြင့်မားပြီး တချို့က နိမ့်ကျကြတယ်။ ဒါကြောင့် နိုင်ငံအလိုက်ဖွံ့ဖြိုးတိုးတက်မှုတွေ မတူညီဘဲ ကွာခြားခဲ့ကြတာဖြစ်ပါတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် လူမျိုးအရ နိမ့်ကျတယ်လို့ ဆိုရာမှာလည်း နှစ်မျိုးရှိပြီးတော့ တစ်မျိုးက ဗီဇအရ နိမ့်ကျခြင်းဖြစ်ပြီး နောက်တစ်မျိုးက ပတ်ဝန်းကျင်ကြောင့် နိမ့်ကျရတာဖြစ်တယ်လို့ ဆိုပါတယ်။ သူတို့ရဲ့အယူအဆအရ လူတွေရဲ့အရည်အချင်း၊ အရည်အသွေးကွာခြားရခြင်းဟာ မိမိတို့နေထိုင်ရာဒေသရဲ့ ပတ်ဝန်းကျင်အခြေအနေတွေ၊ ယဉ်ကျေးမှုအစဉ်အလာတွေ၊ ကျန်းမာရေး၊ ပညာရေးနဲ့ အာဟာရဓာတ်စားသုံးမှုအခြေအနေတွေ၊ ဦးစီးဦးဆောင်သူတို့ရဲ့ အရည်အချင်း၊ အရည်အသွေးတွေစတဲ့ အခြေအနေအရပ်ရပ်ပေါ်မှာ မူတည်တယ်လို့ဆိုပါတယ်။ မှတ်သားစရာကောင်းတာက လူတွေဟာ ယုံကြည်ချက်၊ မျှော်လင့်ချက်နဲ့ ဖိအားပေးမှု (Conviction, expectation, pressure) တွေမရှိဘဲနဲ့ မိမိတို့ရဲ့ အစွမ်းအစတွေကို

> ❖ **မိမိတို့ ဘိုးဘွားများရဲ့အမွေ၊ ထူးခြားကောင်းမွန်ပြည့်စုံတဲ့ သဘာဝတွေနဲ့ လှပတဲ့ပြည်ထောင်စုကြီးကို နဂိုရည်အတိုင်း စိုပြည်အလှမပျက်စေဖို့ပါ။ နှင်းဖုံးတောင်တန်းကြီးတွေနဲ့ ရေဝေတောင်တန်းကြီးတွေ၊ သဘာဝရေအိုင်ကြီးတွေနဲ့ တသွင်သွင်စီးဆင်းနေတဲ့ ရေချိုအရင်းအမြစ် မြစ်ချောင်းတွေ၊ သဘာဝအလျောက် ပေါက်ရောက်နေတဲ့ သစ်တော၊ ဝါးတောတွေနဲ့ စားရေရိက္ခာအသက်သွေးကြောမြေကောင်းယာကောင်းတွေ၊ ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းတွေနဲ့ အဏ္ဏဝါအရင်းအမြစ်တွေ၊ မြန်မာ့ရေမြေမှာ ရှင်သန်ကျက်စားကြတဲ့ သားငှက်တိရစ္ဆာန်တွေအားလုံးကို ချစ်မြတ်နိုးကြဖို့နဲ့ ထာဝရတည်ရှိအောင် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ကြဖို့ဖြစ်**

> ❇ **ပစ္စက္ခကာလမှာ ကျွန်တော်တို့ဟာ သမိုင်းစာမျက်နှာသစ်တစ်ခုကို ရေးထိုးနေကြပြီဖြစ်ပါတယ်။ မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်နေတဲ့ ကမ္ဘာ့နိုင်ငံများဟာ ဒီကနေ့ကျွန်တော်တို့နိုင်ငံ ကြုံတွေ့နေရတဲ့ အခြေအနေမျိုးတွေကို ရင်ဆိုင်ကျော်လွှားပြီးမှ အောင်မြင်မှုရယူနိုင်ခဲ့ကြတာကိုလည်း သတိချပ်ကြဖို့လိုပါတယ်။ နိုင်ငံနဲ့လူမျိုးကို တိုးတက်မြင့်မားအောင် ပို့ဆောင်နိုင်တဲ့ ပထမဦးဆုံးသောအင်အားဟာ စိတ်ဓာတ်အင်အားပဲဖြစ်ပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကြီးပွားဖွံ့ဖြိုးတိုးတက်ရမယ်ဆိုတဲ့ စိတ်ဓာတ်ခွန်အားဟာ ခေါင်းဆောင်မှုပြုသူနဲ့အတူ ပြည်သူလူထုတစ်ရပ်လုံးမှာ ပြင်းပြင်းပြပြ ဖြစ်တည်လာတဲ့အခါ တစ်နည်းအားဖြင့် စိတ္တာဓိပတိဖြစ်လာတဲ့အခါ စက်ယန္တရားတစ်ခုလည်ပတ်မှုစတင်ဖို့ အစပျိုးတဲ့စွမ်းအင်လို အလုပ်လုပ်လာ**

အစွမ်းကုန်အသုံးချလေ့မရှိဘူး ဆိုတာပါ။

ဒီကနေ့ ကျွန်တော်တို့ရဲ့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ်တည်ဆောက်ရာမှာ ကျွန်တော်တို့ မြန်မာလူမျိုးများဟာ လူညံ့လူဖျင်းများလားလို့မေးရင် ဗီဇအရရော ပတ်ဝန်းကျင်အရပါ လုံးဝမဟုတ်ပါဘူးလို့ ငြင်းဆိုရပါလိမ့်မယ်။ ဒီဆောင်းပါးအစမှာ ဆိုခဲ့တဲ့အတိုင်း ပထမမြန်မာနိုင်ငံတော်ကြီးကို ကြီးကျယ်ခမ်းနားစွာ တည်ဆောက်အကောင်အထည်ဖော်ခဲ့ကြရာမှာ မြန်မာတွေအားလုံး (ဗမာလူမျိုးများသာမက တိုင်းရင်းသားများပါ) စည်းလုံးညီညွတ်စွာနဲ့ သူ့တာကိုယ့်တာ ကျေပွန်စွာ အလုပ်လုပ်ခဲ့ကြခြင်းဖြစ်ပါတယ်။ ၁၉ ရာစုမှာ တိုင်းတစ်ပါးကျူးကျော်သူနယ်ချဲ့လက်အောက် ကျရောက်ခဲ့ကြပြီး လွတ်လပ်ရေးရပြီးကာလ ၂၀ ရာစုနှစ် လက်ရှိ ၂၁ ရာစုတစ်လျှောက်မှာလည်း နိုင်ငံကို ကောင်းစွာတည်ဆောက်မှု မပြုနိုင်ခဲ့သေးပါဘူး။ ကမ္ဘာနဲ့တူတူတန်တန် ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံသူ နိုင်ငံသားတွေ ဖြစ်ဖို့၊ ကိုယ့်ခေတ်မှာ မညံ့ကြဖို့ ကျွန်တော်တို့ ကြိုးပမ်းအားထုတ် အလုပ်လုပ်ကြရမှာဖြစ်ပြီး ဉာဏ်ပညာမြင့်မြင့်မားမားနဲ့ အလုပ်လုပ်နိုင်ကြဖို့အတွက် လူတိုင်းပညာရည် မြင့်မားကြဖို့လိုပါတယ်။ တစ်ပြိုင်တည်းမှာပဲ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာလှပစေဖို့ သဘာဝပတ်ဝန်းကျင်အခြေအနေ ကောင်းမွန်စေရမှာလည်း ဖြစ်ပါတယ်။

ပစ္စက္ခကာလမှာ ကျွန်တော်တို့ဟာ သမိုင်းစာမျက်နှာသစ်တစ်ခုကို ရေးထိုးနေကြပြီဖြစ်ပါတယ်။ မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်နေတဲ့ ကမ္ဘာ့နိုင်ငံများဟာ ဒီကနေ့ကျွန်တော်တို့နိုင်ငံ ကြုံတွေ့နေရတဲ့ အခြေအနေမျိုးတွေကို ရင်ဆိုင်ကျော်လွှားပြီးမှ အောင်မြင်မှုရယူနိုင်ခဲ့ကြတာကိုလည်း သတိချပ်ကြဖို့လိုပါတယ်။ နိုင်ငံနဲ့ လူမျိုးကို တိုးတက်မြင့်မားအောင် ပို့ဆောင်နိုင်တဲ့ ပထမဦးဆုံးသောအင်အားဟာ စိတ်ဓာတ်အင်အားပဲဖြစ်ပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကြီးပွားဖွံ့ဖြိုးတိုးတက်ရမယ်ဆိုတဲ့ စိတ်ဓာတ်ခွန်အားဟာ ခေါင်းဆောင်မှုပြုသူနဲ့အတူ ပြည်သူလူထုတစ်ရပ်လုံးမှာ ပြင်းပြင်းပြပြဖြစ်တည်လာတဲ့အခါ တစ်နည်းအားဖြင့် စိတ္တာဓိပတိ ဖြစ်လာတဲ့အခါ စက်ယန္တရားတစ်ခုလည်ပတ်မှုစတင်ဖို့ အစပျိုးတဲ့စွမ်းအင်လို အလုပ်လုပ်လာပါတယ်။

ဖိအားအမျိုးမျိုးအောက် ကျရောက်နေရတဲ့ဘဝရှည်ကြာလာတဲ့အခါ လွတ်မြောက်လိုတဲ့ ဆန္ဒနဲ့ ရုန်းကြွလာတဲ့စွမ်းအင်ဟာ Need achievement (N’ach) ဆိုတဲ့ ထမြောက်လိုအင်ပါ။ ဒီကနေ့ကမ္ဘာမှာ မြန်မာဆိုရင် မသိကြတာ၊ လှောင်ပြောင်ရယ်မောကြတာ၊ နှိမ့်ချဆက်ဆံကြတာ၊ ပြည်ဝင်ခွင့်မပေးတာ၊ အလုပ်အကိုင်တွေမှာ ကန့်သတ်ခံရတာ၊ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာလည်း ဖယ်ကြဉ်ကြတာ၊ အုပ်စုဖွဲ့ ဖိအားမျိုးစုံပေးပြီး အနိုင်ကျင့်တာ စတာတွေဟာ မြန်မာလူမျိုးတွေအဖို့ နာကြည်းစရာ၊ တမြည့်မြည့်နဲ့ ခံရခက်စရာတွေပါ။

တကယ်တော့ ယဉ်ကျေးမှုမြင့်မားပါတယ်ဆိုတဲ့ မျက်မှောက်ကမ္ဘာကြီးမှာ အမှန်တကယ် ရှင်သန်ထွန်းကားနေတာက အင်အားသည်သာ အခရာဆိုတဲ့ တောနက်ကြီးဥပဒေ (Jungle Law) ပါ။ အင်အားအကြီးမားဆုံးနိုင်ငံဟာ ကမ္ဘာ့အရေးအရာကို လိုသလို ပုံဖော်ခြယ်လှယ်နိုင်ပြီး အင်အားရှိတဲ့နိုင်ငံကိုပဲ အလေးဂရုပြုကြတာဖြစ်ပါတယ်။ တောနက်ကြီးထဲက သားရိုင်းတိရစ္ဆာန်တွေလို အင်အားအနည်းဆုံးသတ္တဝါက အစားခံရုံသက်သက်ပဲဖြစ်ပြီး အင်အားနည်းပေမယ့် အဆိပ်ပြင်းရင်တော့ ရှောင်သွားတတ်ကြတာမျိုး နိုင်ငံတကာ ဆက်ဆံရေးမှာလည်း တွေ့ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာအလယ်မှာ မြန်မာဟေ့လို့ ခေါင်းမော့ရင်ကော့နိုင်အောင် နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အင်အားနဲ့ နိုင်ငံကို ခိုင်ခိုင်မာမာခံ့ခံ့ညားညား တည်ဆောက်ကြရမှာဖြစ်ပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားတို့ရဲ့ စွမ်းပကားနဲ့ပဲ လှောင်ပြောင်မှုတွေ၊ နှိမ့်ချမှုတွေ၊ ကန့်သတ်မှုတွေ၊ ဖယ်ကြဉ်မှုတွေ၊ အနိုင်ကျင့်မှုတွေ၊ ဖိအားပေးမှုတွေကို ဖယ်ရှားပစ်ကြရမှာပဲ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ အဓိကအင်အားသုံးရပ်ဖြစ်တဲ့ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားတို့ကို ခိုင်ခိုင်မာမာတည်ဆောက်ရာမှာ ကျွန်တော်တို့ နိုင်ငံသားအားလုံး တာဝန်ကျေပွန်ကြဖို့လိုပါတယ်။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးမြင့်မားတိုးတက်စေဖို့အတွက် ကုန်ထုတ်လုပ်မှုကဏ္ဍ မြင့်မားဖို့လိုနေပါတယ်။ မြန်မာနိုင်ငံရဲ့ ပတ်ဝန်းကျင်နိုင်ငံတွေက လူတစ်ဦးချင်းစီရဲ့ ထုတ်လုပ်နိုင်စွမ်းတွေကို မိမိတို့မမီသေးဘူးဆိုရင်တောင် လက်ရှိမိမိတို့ရဲ့ ကုန်ထုတ်လုပ်မှုထက်

စာမျက်နှာ ၇ သို့

## လောင်းလုံးမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ရှင်းလင်းပြသ

**လောင်းလုံး ဩဂုတ် ၁**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) ရှင်းလင်းပြသခြင်း၊ သရုပ်ပြစမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အထက(၃) ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ လောင်းလုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ထိုက်က အမှာစကား ပြောကြားသည်။

ထို့နောက် ထားဝယ်ခရိုင် ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ ရွေးကောက်ပွဲအရာရှိ ဦးသက်ထူးတင်က MEVM စက်အသုံးပြုရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လက်တွေ့စမ်းသပ်မဲပေးခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။ **သိန်းသိန်း(လောင်းလုံး)**



## ဇေယျာသီရိမြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁**

နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ အခွန်ပညာပေး ရှင်လင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အခွန်ထမ်းလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငွေက တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## ကံမမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) သရုပ်ပြ



**ကံမ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး ကံမမြို့ မြို့နယ်ခန်းမ၌ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) သရုပ်ပြခြင်းနှင့် စမ်းသပ်မဲပေးခြင်းကို ယမန်နေ့က ပြုလုပ်ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ခံအရာရှိများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ မြို့နယ်ကော်မရှင်အရာရှိနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ထိုသို့ သရုပ်ပြရာတွင် မြို့နယ်ကော်မရှင်အရာရှိ ဒေါ်ဇူပန်မိုက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့် စမ်းသပ်မဲပေးကြကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## ကျောက်ဆည်တက္ကသိုလ်၌ အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်ရေး အသိပညာပေးဟောပြော

**စဉ့်ကိုင် ဩဂုတ် ၁**

စဉ့်ကိုင်မြို့နယ် ကျောက်ဆည်တက္ကသိုလ်၌ အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၁ ရက်က အဆိုပါတက္ကသိုလ်ရှိ(Theatre) ခန်းမ၌ကျင်းပရာ ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာလှဲ့လှဲ့ဝေ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ စိမ်းညို့ညို့ကို(သင်တန်း)နှင့် ပါမောက္ခများ၊ ပါမောက္ခ/ဌာနမှူးများ၊ နည်းပြ/သရုပ်ပြ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ်က အမှာစကားပြောကြားပြီး အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်ရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောရာတွင် အမှိုက်များစွန့်ပစ်ရာတွင် အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်၊ ဘေးအန္တရာယ်ရှိသည့် အမှိုက်ဟူ၍ အမျိုးအစားလေးမျိုးကို အမှိုက်ပုံးလေးပုံးဖြင့် အရောင်ခွဲခြားသတ်မှတ်၍ စနစ်တကျစွန့်ပစ်သည့်စနစ်ကို ကျင့်သုံးသွားကြရန်နှင့် အမှိုက်ခွဲခြားစွန့်ရမည့် အမှိုက်အမျိုးအစားအကြောင်း စသည့်အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။ **ကျော်စွာ(စဉ့်ကိုင်)**



## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်ပို့ချ

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ် (၂၄) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောက်တံတားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်း ( AML/CFT) ဆိုင်ရာ အသိပညာပေး ပို့ချချက်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်တို့က Online မှ Zoom စနစ်ဖြင့် သင်ကြားပို့ချသည်။

မွန်းလွဲပိုင်းတွင် သင်တန်းဆင်းပွဲကို ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အလုပ်အမှုဆောင်များက သင်တန်းသားဦးရေ ၁၂၀ ကျော်ကို သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး အသင်းတွဲဖက်အတွင်းရေးမှူး ဦးအေးချို က ကျေးဇူးတင်စကား ပြောကြားသည်။ **မျိုးမင်းသူရ**

### မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် ဩဂုတ် ၁** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

နှစ်ဆထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းသွားကြရမှာ ဖြစ်ပါတယ်။ ဒီအတွက် လူတိုင်းအလုပ်လုပ်ကြဖို့နဲ့ အလုပ်လုပ်နိုင်အောင် အခြေအနေတွေ၊အခွင့်အလမ်းတွေ ဖန်တီးပေးဖို့လိုပါတယ်။ ရွှေပဒေသာ မြေကပေါက်စေဖို့ လူတိုင်းအလုပ်လုပ်ကြရမှာဖြစ်သလို နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုကို အားပေးကြရမှာဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ဖွံ့ဖြိုးဖို့ အလုပ်လုပ်ကြရာမှာ ယခင်က လူကြီးတွေ ပြောခဲ့သလို ဖိုးသုည၊ မယ်သုညတွေနဲ့ တိုင်းပြည်တည်ဆောက်လို့ မရနိုင်ပါဘူး။ တန်ဖိုးမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်ကသာ နိုင်ငံကိုမြင့်မားအောင် တည်ဆောက်နိုင်မှာဖြစ်လို့ လူတိုင်းပညာတတ်ဖို့၊ အမျိုးသားပညာရည်မြင့်မားဖို့လိုပါတယ်။ ဉာဏ်ပညာနဲ့ လုံ့လ၊ ဝီရိယတို့ကသာ နိုင်ငံကို ဂုဏ်သိက္ခာမြင့်မားအောင် တည်ဆောက်ကြရာမှာ အဓိကဦးဆောင်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးကြဖို့ လိုအပ်ပါတယ်။ ပညာရေးကို နှောင့်ယှက်သူ၊ ပညာရေးကို ဟန့်တားသူ၊ ပညာရေးကို ဖျက်ဆီးသူများကိုလည်း ဖယ်ရှားရှင်းလင်းသွားကြရမှာ ဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ကတော့ မိမိတို့ဘိုးဘွားများရဲ့အမွေ၊ ထူးခြားကောင်းမွန်ပြည့်စုံတဲ့ သဘာဝတွေနဲ့ လှပတဲ့ပြည်ထောင်စုကြီးကို နဂိုရည်အတိုင်း စိုပြည်အလှ မပျက်စေဖို့ပါ။ နှင်းဖုံးတောင်တန်းကြီးတွေနဲ့ ရေဝေတောင်တန်းကြီးတွေ၊ သဘာဝရေအိုင်ကြီးတွေနဲ့ တသွင်သွင်စီးဆင်းနေတဲ့ ရေချိုအရင်းအမြစ် မြစ်ချောင်းတွေ၊ သဘာဝအလျောက် ပေါက်ရောက်နေတဲ့ သစ်တော၊ ဝါးတောတွေနဲ့ စားရေရိက္ခာအသက်သွေးကြော မြေကောင်းယာကောင်းတွေ၊ ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းတွေနဲ့ အဏ္ဏဝါအရင်းအမြစ်တွေ၊ မြန်မာ့ရေမြေမှာ ရှင်သန်ကျက်စားကြတဲ့ သားငှက်တိရစ္ဆာန်တွေအားလုံးကို ချစ်မြတ်နိုးကြဖို့နဲ့ ထာဝရတည်ရှိအောင် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ကြဖို့ ဖြစ်ပါတယ်။

တောင်ပေါ်မြေပြန့် နိုင်ငံတစ်ဝန်းမှာ နေထိုင်ကြတဲ့ ကျွန်တော်တို့ ပြည်ထောင်စုသားတွေ၊ နိုင်ငံသားတွေမှာ အလှကိုယ်စီရှိကြပြီး ရောင်စုံပန်းချီကားတစ်ချပ်လို ရှုချင်စဖွယ် တင့်တယ်လှပါတယ်။ ကျွန်တော်တို့ နိုင်ငံသားအားလုံးရဲ့ တူညီတဲ့ ဝိသေသလက္ခဏာကတော့ ရင်းနှီးဖော်ရွေမှုဖြစ်တယ်လို့ ကမ္ဘာက အသိအမှတ်ပြုကြပါတယ်။ မြန်မာကို မသိတဲ့လူတွေက ကမ္ဘာမှာ အများကြီးရှိသလို သိသွားတဲ့လူတွေက ချစ်ခင်ကြတာ၊ မြတ်နိုးကြတာ၊ အလေးထားကြတာကို တွေ့ကြရမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာလူမျိုးအားလုံးမှာရှိကြတဲ့ အလှကိုယ်စီကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ကြဖို့၊ မြန်မာ့မြေပေါ်မှာ အလှဝေအောင် မေတ္တာတရားတွေ ထွန်းကားဖို့၊ နိုင်ငံနှင့်လူမျိုးတွေကို အရုပ်ဆိုးအကျည်းတန်စေတဲ့ ဒေါသတိမ်သလ္လာတွေ ဖယ်ရှားရှင်းလင်းဖို့၊ ကျွန်တော်တို့ အားလုံးရေးထိုးကြရမယ့် သမိုင်းစာမျက်နှာသစ်ကို လက်ရေးညီညီရေးစီကြဖို့ မေတ္တာရှေ့ထားနှိုးဆော်လိုက်ရကြောင်းပါဗျား။ ။

# ခရီးသွားလုပ်ငန်းကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးသည့် အရေးကြီးသော စီးပွားရေးကဏ္ဍတစ်ခုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနတာဝန်ခံများ၊ အရာထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအား ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဌာနအလိုက်လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးသည့် အရေးကြီးသော စီးပွားရေးကဏ္ဍတစ်ခုဖြစ်စေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး အများပါဝင်မှုရှိသော တာဝန်သိ ခရီးသွားလုပ်ငန်း ဖြစ်ပေါ်လာစေရေး မျှော်မှန်းပြီး ပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လျှောက်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့်မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန် ဝန်ကြီးဌာနရုံးအနီးတွင် ဆောက်လုပ်ထားရှိသည့် နှစ်ခန်းတွဲ ဘာရာအဆောက်အအုံများ၌ နေထိုင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် မိသားစုဝင်များ လိုင်းစည်းကမ်းနှင့် စည်းစနစ်တကျ နေထိုင်ကြရေး၊ ဌာနတာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းမိသားစုများ၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရေး မှာကြားသည်။

**သတင်းစဉ်**



# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား)နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့်(အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းတို့ ပထမရွှေတံဆိပ်ဆု ဆွတ်ခူးရရှိ

**နေပြည်တော် ဩဂုတ် ၁**

ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားများစွာ ပေါ်ထွက်လာစေရန် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။



(အမျိုးသား) နှစ်ယောက်တွဲအဖွဲ့လိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် စစ်ကိုင်းတိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ (အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

ထို့နောက် (အမျိုးသား)နှစ်ယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီး အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲ ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ- တစ်ပွဲဖြင့်လည်းကောင်း၊ (အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲ ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ယင်းနောက် (အမျိုးသား)သုံးယောက်တွဲ အဖွဲ့လိုက်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားရာ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မကွေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၂ ရက် နံနက် ၉ နာရီမှစတင်၍ (အမျိုးသား/အမျိုးသမီး) သုံးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အားကစားဝါသနာရှင်များအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်သားမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**မြစ်သား ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုမရှိစေရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းတို့ကို မင်းကုန်းရပ်ကွက်၌ ယမန်နေ့က ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများပူးပေါင်းကာ ခြင်အလွယ်တကူ ပေါက်ပွားနိုင်သည့် သောက်သုံးရေကန်များ၊ ရေအိုးများ၊ ဘုရားပန်းအိုးများ၊ ကားတာယာများ၊ အိုးခွက်များ စသည့် ခြင်ခိုအောင်းနိုင်သည့် နေရာများတွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရန်အတွက် ခြင်ဖြစ်စေသည့် ပိုးလောက်လမ်းများ မပေါက်ပွားအောင် မင်းကုန်းရပ်ကွက်အတွင်းရှိ အိမ်ခြေ ၁၂၀ အတွက် သောက်သုံးရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

# ငဖဲမြို့နယ်၌ နှမ်းစပါး ၇၇၄ ဧက ရိတ်သိမ်းပြီးစီး

**ငဖဲ ဩဂုတ် ၁**

ငဖဲမြို့နယ်၌ နှမ်းသီးနှံများစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နှမ်းစပါးများ ၇၇၄ ဧက ရိတ်သိမ်းပြီးစီးပြီး စပါးတင်းပေါင်း ၆၉၀၅၉ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရိတ်သိမ်းပြီးစီးခဲ့သည့် နှမ်းစပါးအောင်နိုင်တိုး ၅၁ ဧကတွင် တစ်ဧကလျှင် ၁၀၉ ဒသမ ၃၁ တင်းနှုန်းဖြင့် ၅၅၇၅ တင်း၊ စာပိုးသာ ခုနစ်ဧကတွင် တစ်ဧကလျှင် ၁၁၄ ဒသမ ၈၆ တင်းနှုန်းဖြင့် ၈၀၄ တင်း၊ မနောသုခ ၅၂ ဧကတွင် တစ်ဧကလျှင် ၈၂ ဒသမ ၅၄ တင်းနှုန်းဖြင့် ၄၂၉၂ တင်း၊ ဆင်းသုခ ၆၃၈ ဧကတွင် တစ်ဧကလျှင် ၈၈ ဒသမ ၀၉ တင်းနှုန်းဖြင့် ၅၆၁၉၉ တင်းနှင့် ရတနာတိုး ၂၆ ဧကတွင် တစ်ဧကလျှင် ၈၄ ဒသမ ၁၉ တင်းနှုန်းဖြင့် ၂၁၈၉ တင်း စုစုပေါင်းနှမ်းစပါး ၆၉၀၅၉ တင်း ထွက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

# မုံရွာတက္ကသိုလ်၌ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

**မုံရွာ ဩဂုတ် ၁**

မုံရွာတက္ကသိုလ်၌ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဝင်း၊ ပါမောက္ခ/ဌာနမှူးများ၊ စစ်ကိုင်းတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအုပ်မြတ်သူ၊ စစ်ကိုင်းတိုင်းဒေသကြီး မူးယစ်ရဲတပ်ဖွဲ့မှ ရဲအုပ်တင်ကိုကိုနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မုံရွာတက္ကသိုလ် ပါမောက္ခချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ရဲအုပ်မြတ်သူက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ သိကောင်းစရာများ၊ တိုင်းဒေသကြီး မူးယစ်ရဲတပ်ဖွဲ့မှ ရဲအုပ်တင်ကိုကိုက မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးနှင့်စပ်လျဉ်း၍ သိကောင်းစရာများကို အသိပညာပေး ဟောပြောကာ တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လှိုင်းဘွဲ့မြို့နှင့် ဘားအံမြို့ရှိ ယာယီရေဘေးရှောင်ပြည်သူများအား ဆန်ရိက္ခာဖိုးငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ချီးမြှင့်

**ဘားအံ ဩဂုတ် ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှိုင်းဘွဲ့မြို့နယ် ကမော့ကချူးကျေးရွာရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေဖြင့် ဆောက်လုပ်ထားသော Cyclone Shelter ၌ ဖွင့်လှစ်ထားသော ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ပြောင်းရွှေ့နေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်ရိက္ခာဖိုးငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်အိမ်ထောင်စုများ၊ လှိုင်းဘွဲ့မြို့ နယ်မြေခံတပ်နယ်ခန်းမရှိ ရေဘေးသင့်မိသားစုဝင်များ၊ ဘားအံမြို့လှာကမြင်ကွက်သစ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများနှင့် ဘားအံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးပြီး ဆန်ရိက္ခာဖိုးငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် လှိုင်းဘွဲ့မြို့(ဃ)ရပ်ကွက် အနိမ့်ပိုင်းရှိ လူနေအိမ်များအတွင်း ရေများဝင်ရောက်နေမှုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဘေးလွတ်ရာကယ်ဆယ်ရေးစခန်းများသို့ ယာယီပြောင်းရွှေ့နေရာချထားပေးနေမှု၊ ဘားအံမြို့၏ အနိမ့်ပိုင်း အမှတ်(၅)ရပ်ကွက် အောင်နန်း၊ အမှတ်(၁) ရပ်ကွက် အုပ်ဖို၊ အမှတ်(၂)ရပ်ကွက် ဆယ်အိမ်စုတို့တွင် ရေကြီးရေလျှံနေမှု၊ လူနေအိမ်များအတွင်း ရေဝင်ရောက်မှု၊ နေအိမ်များအားစွန့်ခွာ၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ၌ သွားရောက်နေထိုင်မှုအခြေအနေများကို စက်တပ်လှေငယ်များဖြင့် လှည့်လည်ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။



ကရင်ပြည်နယ်အတွင်း ရေဘေးစတင်ဖြစ်ပွားသည့်အချိန်မှစ၍ ယနေ့အချိန်ထိ ယာယီရေဘေးကယ်ဆယ်ရေး စခန်း ၅၉ ခုဖွင့်လှစ်၍ အိမ်ထောင်စု ၇၂၅၃ စု၊ လူဦးရေ ၃၂၂၂၇ ဦးတို့အား ယာယီပြောင်းရွှေ့နေရာချထားပေးခဲ့ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အိမ်ထောင်စု ၂၇၄၈ စု၊ လူဦးရေ ၁၁၅၇၅ ဦးအတွက် ဆန်ရိက္ခာနှင့် ခေါက်ဆွဲခြောက်ဖိုးငွေ ၅၈၇၆၈၂၅၀ ကို ချီးမြှင့်ပေးအပ်ခဲ့ပြီး ကျန်ရှိသည့် အိမ်ထောင်စုများကိုလည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲများကျင်းပ

**နေပြည်တော် ဩဂုတ် ၁**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် ပုဗ္ဗသီရိအားကစားခန်းမ၌ ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းအကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက်ဆုများနှင့် ဒိုင်းဆုရရှိသော အသင်းတို့အား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို တိုင်းစစ်ဌာနချုပ် တိုင်းအားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲပွဲစဉ်ဖြစ်သည့် မုံရွာတပ်နယ်အသင်းနှင့် စခန်း(နမခ)အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း အကောင်းဆုံး ဆုရရှိကြသူများ၊ အသင်းလိုက်ဆုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော စခန်း(နမခ) အသင်းတို့အား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိတပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကာ ဆရာဝန်၊ သူနာပြုများအား ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဝမ်းတွင်းမြို့နယ်၌ စပါးမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးမှုကွင်းသရုပ်ပြပွဲ ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၁**

ဝမ်းတွင်းမြို့နယ်၌ ကောက်စိုက်စက်နှင့် တွဲဖက်အသုံးပြုသည့် စပါးမျိုးစေ့ချကိရိယာ (10– Rows Seeder) ဖြင့် မိုးစပါးစိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ဝမ်းတွင်းမြို့နယ် နတ်နန်းကျေးရွာ ဦးပိုင်အမှတ် ၇၀၊ ကွင်းအမှတ် ၁၄၂၀ ရှိ တောင်သူ ဦးဝင်းနိုင်ဦး၏ လယ်မြေနှစ်ကေ၌ ကျင်းပသည်။

ဦးစွာ မိတ္ထီလာခရိုင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်သန်းနှင့် မြို့နယ်ဦးစီးမှူး ဦးသက်ထက်ဇော်တို့က ကွင်းသရုပ်ပြပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်၊ ကောက်စိုက်စက်နှင့် တွဲဖက်အသုံးပြုသည့် စပါးမျိုးစေ့ချကိရိယာ (10–Rows Seeder)အသုံးပြု၍ စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စက်ပိုင်းဆိုင်ရာ အချက်အလက်များနှင့် စိုက်ပျိုးရာတွင် သတိပြုရမည့်အချက်များကို ရှင်းလင်းပြောကြားကြပြီး ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာများ၊ လက်ဆွဲကောက်စိုက်စက်၊ လက်ဆွဲမျိုးစေ့ချကိရိယာ၊ ခေတ်မီကောက်စိုက်စက်ကိရိယာများကိုကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဆိုတာ . . .

မောင်အောင်



ပဲခူးတိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါးနှင့် ပဲတီစိမ်း စီမံကိန်းမှ တောင်သူများနှင့် စာချုပ် ချုပ်ဆိုစဉ်။

"ကိုအောင်ရေ- ငါ့ညီဆီ ဖုန်းဆက်ရတာလည်း မောပါ့ဟော့။ ဆက်တိုင်းမရဖြစ်နေတယ်။ မင်းတပည့် မေးကြည့်ပြန်တော့ နိုင်ငံ့စီးပွားမြှင့်တင်ရေး အစည်းအဝေး တက်နေတယ်လို့ ဟိုးတစ်နေ့က ပြောတယ်။ နောက်တစ်ရက်ကျတော့လည်း ကုန်စျေးနှုန်း ကျဆင်းရေးအစည်းအဝေး တက်နေသတဲ့။ မနေ့က ဆက်တော့ မနက်ပိုင်းမှာ နိုင်ငံခြားပြန် အတွေ့အကြုံ ရှင်းလင်းပွဲတက်နေပြီး ညနေပိုင်းကျတော့ တင်ဒါ အစည်းအဝေးလုပ်မှာတဲ့။ မင်းတို့ ဝန်ကြီးဌာန တင်ဒါအစည်းအဝေးကလည်း ည ၈ နာရီလောက်မှ ပြီးတာများတယ်လို့ မင်းတပည့်ကပြောတယ်။ အဲဒီတော့ ငါတောင်ပြောလိုက်သေးတယ်။ "မင်းဆရာ အစည်းအဝေးတွေချည်းတက်နေတော့ ရုံးအလုပ်ရော လုပ်သေးရဲ့လားလို့။" မင်းတပည့်ကတော့ အဲဒီကြားထဲ အချိန်လုပြီး လုပ်နေတာပဲ အဘရေတဲ့။ မင်းဘက်က ဖာဖာထေးထေး ပြောရှာတယ်။"

ကျွန်တော် အလုပ်တွေရှုပ်နေ၍ မပြောရတာ ကြာသဖြင့် ကျွန်တော့်အစ်ကိုကြီးက စကားပြောခွင့်ရတုန်းအချိန် ဆက်တိုက်ပြောလာခြင်း ဖြစ်ပါသည်။

"အစ်ကိုကြီးပြောမယ်ဆိုလည်း ပြောစရာ ဖြစ်နေပြီ အစ်ကိုကြီးရေ။ ဒီရက်မှာ အလုပ်နည်းနည်း ပိုရှုပ်လာတာတော့အမှန်ပဲ။ ပြောပါအစ်ကို ဘာများ သိချင်လို့လဲ။"

ကျွန်တော့်အစ်ကိုကြီးက နယ်မှာနေသူ ဖြစ်သည်။ သူ့ဇာတိ ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာမှာ နေသည်။ အသက် ၈၀ ကျော်ပြီ။ ၁၀ တန်းအဆင့်ထိ ကျောင်းနေခဲ့ဖူးသူဖြစ်၍ အရာရာကို စူးစမ်းလေ့လာသည်။ သတင်းစာဖတ်သည်။ တီဗွီကြည့်သည်။ သူသိချင်တာကို ကျွန်တော့်ကို ဖုန်းဆက်၍ မေးလေ့ရှိသည်။ သို့ဖြစ်၍ အစ်ကိုကြီး မေးချင်တာမေးနိုင်ရန် ကျွန်တော် စကားလမ်းခင်းပေးလိုက်ခြင်းဖြစ်သည်။

"အေးကွာ ငါသိချင်တာက ဟိုးတစ်နေ့က မင်းတို့အစည်းအဝေးလုပ်နေတဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအကြောင်းပဲ။ အခု တို့ရွာက လယ်သမားတွေထဲမှာ အတော်လေးအပြောများနေကြပြီး အများစုကလည်း နိုင်ငံတော်အစိုးရကို အတော်လေးကျေးဇူးတင်နေကြတယ်။ အဲဒီ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက ဘယ်တုန်းက စပြီး ပေါ်လာတာလဲ။ ဘယ်လိုစပြီးလုပ်ပေးတာလဲ ဆိုတာ မင်းသိသလောက် ပြောပြစမ်းပါဦး။"

အစ်ကိုကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအကြောင်းကို မေးလာသည်။ ကျွန်တော်ကလည်း ပြောချင်နေပါသည်။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံ၏ လူများစုဖြစ်သည့် တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသည့် အစီအစဉ်ဖြစ်သဖြင့် တောင်သူလယ်သမားအများစု သိစေချင်သည်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၏ အသီးအပွင့်ကို တောင်သူလယ်သမားအများစု ခံစားစေချင်သည်။

"နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက ၂၀၂၂ ခုနှစ်ကစခဲ့တာ အစ်ကိုကြီးရ။ အဲဒီနှစ် ၈ လပိုင်းလောက်မှာ နိုင်ငံတော်အကြီးအကဲက ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးရယ်၊ ဒုတိယဝန်ကြီးရယ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးရယ်ကို ခေါ်တွေ့ပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ လူများစုဖြစ်တဲ့ တောင်သူလယ်သမားတွေ အတော်များများမှာ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ထုတ်ပေးထားလျက်နဲ့ လက်ထဲမှာ မရှိကြတော့တဲ့အကြောင်း၊ ဘာ့ကြောင့်လဲဆိုတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်စရိတ်ချေးငွေချေးတဲ့အခါမှာ အဲဒီပုံစံ(၇)ကို အပေါင်အဖြစ် လယ်ယာဘဏ်မှာ ပေးထားခဲ့ရတဲ့အတွက် လယ်သမားတွေ လက်ထဲမှာ မရှိကြတဲ့အကြောင်း၊ စပါးပေါ်ချိန်ရောက်ပြန်တော့ စပါးဝယ်တဲ့ ကုန်သည်ပွဲစားတွေက စပါးဈေးကို နှိမ်ပြီးဝယ်ကြတော့ အမြတ်ရတာနည်းပြီး တွက်ခြေမကိုက်တဲ့အကြောင်း၊ ဒီကြားထဲ ဓာတ်မြေဩဇာတို့၊ ပိုးသတ်ဆေးတို့ စနစ်တကျ မသုံးနိုင်ကြတော့ စပါးက အထွက်နည်းတယ်။ စိုက်စရိတ်ချေးငွေကနည်းတော့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဝယ်ဖို့ကို အပြင်က ငွေချေးရတယ်။ အတိုးက ငွေကျပ် ၁၀၀ ကို ၁၀၊ ၁၅ ကျပ်ပေးရတော့ စပါးပေါ်ချိန်မှာ အဲဒီအတိုးကို ပြန်ပြီးဆပ်နေရတော့ စိုက်ဘဏ်မှာ အပ်ထားတဲ့ ပုံစံ(၇)ကို ပြန်ပြီး မရွေးနိုင်ကြဘူး။

"အဲဒီအခြေအနေကို နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်မှာ ငွေကျပ်ဘီလီယံ ၅၀၀ လောက်ရှိတယ်။ အဲဒီငွေကို တောင်သူလယ်သမားတွေ၊ မွေးမြူရေးသမားတွေအတွက် ကူညီထောက်ပံ့ပေးချင်ကြောင်း၊ ငွေသားမပေးဘဲ လယ်သမားဆိုရင် မျိုးစေ့ဓာတ်မြေဩဇာအပါအဝင် သွင်းအားစုတွေပေးချင်ကြောင်း၊ ငွေမပေးဘဲ ပစ္စည်းပဲပေးချင်ကြောင်း၊ သီးနှံထွက်လာရင်လည်း သွင်းအားစုပေးတဲ့အဖွဲ့နဲ့ နောက်တစ်ဖွဲ့က ဝယ်ယူကြိတ်ခွဲ၊ ရောင်းချရေးအဖွဲ့ကယူထားတဲ့ သွင်းအားစုဖိုးကို ကိုယ့်လယ်ကထွက်တဲ့သီးနှံနဲ့ ပြန်သွင်းပြီး ပိုတဲ့သီးနှံကို တောင်သူစိတ်ကြိုက်ရောင်းချဖို့ပါပဲ။ သီးနှံပေါ်ချိန်မှာတော့ ဈေးနှုန်းသတ်မှတ်ပြီး အဲဒီဈေးနှုန်းနဲ့ ပေးသွင်းဖို့ ဖြစ်ပါတယ်။

"မွေးမြူရေးသမားအတွက်လည်း ဒီလိုပါပဲ။ မွေးချင်တဲ့ အသားတိုးကြက်၊ အသားတိုးဝက်၊ အသားစားဘဲတွေကို မျိုးပေးတဲ့ကုမ္ပဏီက မျိုးပေး၊ အစာပေးတဲ့ကုမ္ပဏီ၊ ဆေးဝါးပေးတဲ့ကုမ္ပဏီက အစာ၊ ဆေးဝါးပေး၊ အချိန်တန်လို့ ထုတ်ရောင်းတော့မယ်ဆိုရင် ဝယ်တဲ့အဖွဲ့က ဒေသပေါက်ဈေးနဲ့ ဝယ်ပေးဖို့။ အဲဒီလိုလုပ်ဖို့ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်တယ်။ အဲဒီပစ္စည်းယူတဲ့တန်ဖိုးကို ငွေကျပ် ၁၀၀ ကို တစ်နှစ်တစ်ကျပ်ထက်မပိုတဲ့ အတိုးနှုန်းနဲ့ပေးဖို့ကို အသေးစိတ်စီမံချက် ကျွန်တော်တို့ကို ရေးဆွဲခိုင်းတယ်။ တစ်ပတ်အချိန်ပေးပြီး နောက်တစ်ပတ်မှာ လယ်သမားတွေကိုပေးမယ့်အစီအစဉ် တစ်ခါတည်း တင်ပြပြီး ငွေလည်းတစ်ခါတည်း ပေးမယ်ပြောတယ်။

"အဲဒါနဲ့ ကျွန်တော်တို့လည်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တွေကိုခေါ်ပြီး နိုင်ငံတော်အကြီးအကဲရဲ့စေတနာနဲ့ တောင်သူလယ်သမားတွေရဲ့ လိုအပ်ချက်ကို အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ ငွေပေးငွေယူ စည်းမျဉ်းစည်းကမ်းတွေ၊ စိုက်ပျိုးသီးနှံအတွက် မျိုးအပါအဝင် သွင်းအားစုလိုအပ်ချက်တွေ၊ စပါး၊ ပဲတီစိမ်း၊ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာတွေအတွက် သီးနှံတစ်မျိုးချင်း ကုန်ကျစရိတ်တွေ တွက်ချက်ရတယ်။ နောက်ပြီး အရေးကြီးတာက စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီတွေ ဖွဲ့စည်းဖို့၊ ဒီနေရာ ဗဟိုအဆင့်၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကော်မတီတွေဖွဲ့စည်းဖို့ ဖွဲ့စည်းပုံဆွဲရတယ်။ လုပ်ငန်းတာဝန်တွေ အသေးစိတ် ရေးဆွဲရတယ်။ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ ရေးဆွဲရတယ်။

"ပြီးတော့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်က တောင်သူလယ်သမားတွေကို ငွေသားတိုက်ရိုက်ပေးလိုက်ရင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှာ မသုံးဘဲ တခြားနေရာ ရောက်သွားမှာစိုးတာကြောင့် စပါးစိုက်ချင်တဲ့တောင်သူဆိုရင် မျိုးစပါးပေးမယ်၊ မြေဩဇာပေးမယ်၊ ပိုးသတ်ဆေးလိုရင် ပိုးသတ်ဆေးပေးမယ်။ ဒီနေရာမှာ လူကြီးလမ်းညွှန်တာက တောင်သူလိုချင်တဲ့မြေဩဇာ၊ အမှတ်တံဆိပ်ပေးဖို့ပဲ။ ကိုယ်ပေးချင်တာပေးပြီး ယူချင်ယူ မယူချင်နေ၊ လုပ်လို့မရဘူး။ မွေးမြူရေးဆိုရင်လည်း အတူတူပဲ။ မွေးမြူရေးသမားလိုချင်တဲ့ အသားတိုးဝက်မျိုး၊ အသားတိုးကြက်မျိုး သူတို့လိုချင်တဲ့မျိုး၊ သူတို့လိုချင်တဲ့ကုမ္ပဏီက ချိတ်ဆက်ပေးရမှာ။ ကိုယ်ပေးချင်တဲ့ကုမ္ပဏီ၊ ကိုယ့်ယောက်ဖကုမ္ပဏီက ပေးလို့မရဘူး"

"အေးကွ- မင်းပြောပုံအရဆိုရင် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်က အတော်လေး တိကျပြီး၊ အတော်လေး အသေးစိတ်တာပဲ "

အစ်ကိုကြီးက ကျွန်တော့်စကားကို စိတ်ပါဝင်စားစွာနားထောင်ရင်း ကြားဖြတ်မှတ်ချက်ချလိုက်ခြင်းဖြစ်သည်။

"အဲဒီအပတ်ကတော့ ကျွန်တော်တို့ အတော်လေး အလုပ်လုပ်လိုက်ရတယ်။ နေ့မအား ညမနားပဲ။ ရေးထားတဲ့ စီမံချက်ပြန်ဖတ်၊ အကျေအလည် ဆွေးနွေး၊ သဘောထားမတိုက်ဆိုင်ရင် ငြင်းကြ၊ ခုံကြ၊ ဆွေးနွေးကြ။ ဒီလိုနဲ့ နိုင်ငံတော်အကြီးအကဲနဲ့ နောက်တစ်ပတ်ပြန်ပြီးတွေ့ကြတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးအပြင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးပါ ပါလာတယ်။ ကျွန်တော်တို့ဝန်ကြီးက ငွေချေးပေးမယ့် အစီအစဉ်ကို ရှင်းလင်းတင်ပြတော့ နိုင်ငံတော်အကြီးအကဲက လိုအပ်တာတွေကို ဖြည့်စွက်ညွှန်ကြားပြီး သီးနှံအလိုက် တစ်ဧကစိုက်ရင် မျိုးဖိုးနဲ့ သွင်းအားစုဖိုးတွေ ဘယ်လောက်လိုမလဲမေးတယ်။ အဲဒီတုန်းက ၂၀၂၂ ခုနှစ် ဩဂုတ်လဖြစ်တာကြောင့် နွေစပါးစိုက်ရင် စပါးမျိုးဖိုး၊ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေး အပါအဝင် တစ်ဧကကို နှစ်သိန်းလိုမယ်။ ပဲတီစိမ်း စိုက်ရင် မျိုးဖိုးအပါအဝင် သွင်းအားစုဖိုး ငွေကျပ် တစ်သိန်းနှစ်သောင်းလိုမယ်လို့ ကျွန်တော်တို့ ပြန်ပြီး တင်ပြခဲ့တယ်။ အဲဒီအတွက်ကြောင့် နွေစပါး ဧက ၈၅၀၀၀၀ အတွက် ငွေကျပ် ဘီလီယံ ၁၇၀ နဲ့ ပဲတီစိမ်း တစ်ဧကကို တစ်သိန်းနှစ်သောင်းနှုန်းနဲ့ ဧက ငါးသိန်းအတွက် ငွေကျပ် ဘီလီယံ ၆၀ စုစုပေါင်း ဘီလီယံ ၂၃၀ ကို ခွင့်ပြုချထားပေးခဲ့တယ်။

"ဝက်မွေးမြူရေးကတော့ တစ်ယူနစ်ကို ကောင်ရေ ၁၀၀ သတ်မှတ်တယ်။ အဲဒီတုန်းက ဝက်သားခွဲတစ်ကောင်ကို နှစ်သိန်းလောက်ဈေးရှိပြီး ဈေးထုတ်ရောင်းတဲ့အချိန်ထိ ဝက်တစ်ကောင်မွေးမယ်ဆိုရင် အစာဖိုးအပါအဝင် ခုနစ်သိန်းလောက်ကုန်တယ်။ အဲဒါကြောင့် ဝက်အကောင် ၁၀၀ မွေးရင် သိန်း ၇၀၀ ကုန်မယ်။ အဲဒါကြောင့် ဝက်တစ်ယူနစ်မွေးမယ်ဆိုရင် ကုန်ကျစရိတ်ရဲ့ တစ်ဝက်ဖြစ်တဲ့ သိန်း ၃၅၀ ချေးပေးဖို့ ကျွန်တော်တို့ တင်ပြခဲ့ပါတယ်။ အဲဒီလိုပဲ အသားစားကြက် ၃၀၀၀၊ အသားစားဘဲ ၃၀၀၀ ကို တစ်ယူနစ် သတ်မှတ်ပြီး အသားစားကြက်က ရက် ၄၀/ ၄၂ ရက်မွေးရင် ကြက် ၃၀၀၀ ကို သိန်း ၃၀၀ လောက် ကုန်တယ်။ အဲဒါကြောင့် အသားစားကြက်၊ အသားစားဘဲ မွေးမယ်ဆိုရင် အကောင် ၃၀၀၀ တစ်ယူနစ်ကို သိန်း ၁၅၀ ချေးပေးဖို့ တင်ပြခဲ့ပါတယ်။"

"အေး ချေးပေးတဲ့ ချေးငွေကတော့ ဟုတ်ပါပြီ။ ဘယ်အချိန်ပြန်ဆပ်ရမယ်ဆိုတာ မင်းတို့ ဘယ်လိုသတ်မှတ်ထားသလဲ။ ဘယ်လိုတင်ပြခဲ့သလဲ။ အဲနောက်ပြီး အချိန်တန်လို့ ပြန်မဆပ်နိုင်ရင်ရော ဘယ်လိုအရေးယူဆောင်ရွက်ဖို့ စီမံထားသလဲ။"

အစ်ကိုကြီးက တကယ့်အရေးကြီးသည့် အချက်ကို မေးလာခြင်းဖြစ်သည်။

"အစ်ကိုကြီးမေးတာ တကယ်အရေးကြီးတဲ့အချက်ပဲ။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက အရင်းမပျောက် မတည်ငွေဖြစ်ပါတယ်။ ပျောက်ပျက်လို့ မရပါဘူး။ ပြီးတော့ နှစ်ချင်းချေးငွေ ဖြစ်ပါတယ်။ စိုက်ပျိုးရေးမှာ နွေစပါးဖြစ်ဖြစ်၊ ပဲတီစိမ်းဖြစ်ဖြစ် တစ်ကြိမ်ပြည့်ရင် မပြည့်မီပြန်ဆပ်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုပဲ မွေးမြူရေးမှာလည်း ဝက်မွေးမွေး၊ အသားတိုးကြက်၊ ဘဲမွေးမွေး တစ်နှစ်အတွင်း ပြန်ဆပ်ရပါမယ်။ ဝက်ကတော့ သားခွဲဝယ်ပြီး မွေးရင် ခြောက်လ၊ ခုနစ်လဆိုတာ ရောင်းလို့ရပြီ။ ရောင်းပြီးပြန်ဆပ်၊ ဒါမှမဟုတ် နောက်တစ်သားဆက်ပြီး မွေးလို့ရပါတယ်။

"အသားစားကြက်၊ ဘဲကတော့ ရက်သားကြက်ဝယ်ပြီးမွေးရင် ၄၂ ရက်လောက်ဆိုရင် တစ်ပိဿာနှစ်ဆယ်၊ တစ်ပိဿာသုံးဆယ်လောက် ဖြစ်လာမယ်။ ၄၇ ရက်၊ ၄၈ ရက်ဆိုရင် တစ်ပိဿာငါးဆယ်၊ ခြောက်ဆယ်လောက် ဖြစ်လာမယ်။ မွေးတဲ့လူက ဈေးကွက်အပေါ်မူတည်ပြီး ထုတ်ရောင်းမယ်။ ပြီးတော့ နောက်တစ်သုတ်ပြန်ပြီး မွေးမယ်ဆိုရင် တစ်နှစ်ကို လေးသုတ်၊ ငါးသုတ်လောက်မွေးလို့ရမယ်။ ဈေးကွက်အပေါ်မူတည်ပြီး တစ်သုတ်ကို သိန်း ၁၀၀ ကတော့ အနည်းဆုံးမြတ်တယ်။ အဲဒါကြောင့် သေချာစီမံချက်ချပြီး စနစ်တကျ မွေးမယ်ဆိုရင် ကြက်မွေးမြူရေးသမားလည်း အထင်သေးလို့မရဘူး။ တစ်နှစ်ကို သိန်းလေးငါးရာဆိုတာ အေးအေးလေးရနိုင်တဲ့ လုပ်ငန်းပါပဲ"

"အေးကွာ မင်းပြောတော့မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက တို့စိုက်ပျိုးမွေးမြူရေးသမား၊ အခြေခံလူတန်းစားတွေရဲ့

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ လူမှုစီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးဖို့ တကယ့်အထောက်အပံ့ကောင်းပါ။ ဒါ့ကြောင့် တို့ရွာက လယ်သမားတွေ၊ မွေးမြူရေး သမားတွေ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေချေးငွေ ရချင်ကြတာကိုး။"

အစ်ကိုကြီးက တွေးတွေးဆဆ မှတ်ချက်ချလိုက်သည်။

"ဒါနဲ့ မင်းတို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စပြီးပေးတုန်းက လယ်သမားတွေ၊ မွေးမြူရေး သမားတွေက ယူရေယူရဲ့လား။ သူတို့ရဲ့အနေအထား ဘယ်လိုရှိသလဲ။"

ကျွန်တော့်အစ်ကိုကြီးက အသက်အရွယ်ကြီး ရင့်ပြီး စဉ်းစားတွေးခေါ်တတ်သူပီပီ အရာရာကို ပြောတိုင်းမယုံ။ သူ့အတွေ့အကြုံပေါ်မူတည်ပြီး တွေးတွေးဆဆ မေးခွန်းထုတ်လာသည်။

"အစ်ကိုကြီးကို ကျွန်တော် လေးစားအထင်ကြီးတာ အဲဒါတွေလည်းပါတယ်။ အစ်ကိုကြီးက တော်ရုံတန်ရုံပြောတိုင်း ယုံတဲ့လူမဟုတ်ဘူး။"

"မင်းက ညီအစ်ကိုချင်း မြှောက်နေပြန်ပြီ။ ငါမေးတာသာဖြေပါ။"

အစ်ကိုကြီးက ရယ်သံစွက်၍ ပြန်ပြောလိုက်သည်။

"အစ်ကိုကြီး တွေးတာမှန်ပါတယ်။ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ စပြီးချေးပေးတော့ အတိုးနှုန်း နည်းလွန်းလို့ စိုက်ပျိုးမွေးမြူရေးသမားတွေက မရွံ့မရဲဖြစ်နေကြတယ်။ နောက်ပြီး ကျွန်တော်တို့ ငွေချေးပေးတဲ့အချိန်ကလည်း ဧရာဝတီတိုင်း ဒေသကြီးတို့၊ ရန်ကုန်တိုင်းဒေသကြီးတို့ဆိုရင် အတော်များများက စိုက်ပြီးဖြစ်နေကြတာကြောင့် မယူကြတော့ဘူး။ အဲဒါကြောင့် အဲဒီပထမဆုံး ချေးငွေအသုတ်မှာ ပဲတီစိမ်းအတွက် ချေးငွေ ဘီလီယံ ၆၀ မှာ ၄၀ ဒသမ ၂၉၅ ဘီလီယံပဲ ချေးယူကြတယ်။ နွေစပါးအတွက်လည်း ဘီလီယံ ၁၇၀ ချေးပေးဖို့ နိုင်ငံတော်က ထုတ်ပေးရာမှာ ၁၃၈ ဒသမ ၈၈၈ ဘီလီယံပဲ ထုတ်ချေးကြပါတယ်။"

"အေး ကောင်းတာပေါ့ကွာ။ တို့လယ်သမားတွေ အတွက် ငွေကြေးအရင်းအနှီးက အရေးကြီးဆုံးပဲ ဟာ။ နိုင်ငံတော်က အခုလိုထုတ်ပေးတော့ အများ ကြီး အထောက်အပံ့ရတာပေါ့။ အဲ တစ်နှစ်ပြည့် တော့ မင်းတို့ပြန်ပြီး ကောက်တဲ့အခါမှာရော ဘယ်လောက်ပြန်ဆပ်ကြသလဲ။ အဆင်ပြေရဲ့လား။"

"ပြေပါတယ်။ နိုင်ငံတော်အစိုးရရဲ့ စေတနာကို တောင်သူတွေက နားလည်လက်ခံကြတော့ ပဲတီ စိမ်းရော၊ နွေစပါးပါ နှစ်ခုပေါင်း ချေးငွေရဲ့ ၉၉ ရာခိုင်နှုန်း ပြန်လည်ရရှိပါတယ်။"

"အေး ကောင်းတယ်ကွာ။ ဒါနဲ့ မင်းတို့ ဘယ် ပြည်နယ်နှင့်တိုင်းတွေမှာ ချေးပေးတာလဲ။"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး။ ပဲတီစိမ်းအတွက်တော့ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာ ချေးပေး တာပါ။ နွေစပါးအတွက်ကတော့ နေပြည်တော် ကောင်စီနယ်မြေ၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာ ဖြစ်ပါ တယ်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၇၄ ဒသမ ၂၄၀ ဘီလီယံနဲ့ အများဆုံးယူတာက ဧရာဝတီတိုင်း ဒေသကြီး၊ ပဲခူးက ၄၂ ဘီလီယံနဲ့ ဒုတိယအများဆုံး၊ မန္တလေးက ၆ ဒသမ ၅ ဘီလီယံနဲ့ တတိယ အများ ဆုံးဖြစ်ပါတယ်။ အဓိက က ကျွန်တော်တို့ ဝန်ထမ်း တွေ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေကော်မတီတွေရဲ့ ကြိုးပမ်း အားထုတ်မှုပဲ ဖြစ်ပါတယ်။"

"ကဲ ဟုတ်ပါပြီ။ မင်းတို့ အခုလို နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေနဲ့ မျိုးတွေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတွေ ထောက်ပံ့လိုက်တော့ အကျိုး အမြတ် ဘာတွေဖြစ်လာသလဲ။ အထွက်နှုန်းတွေ ရော တိုးလာသလား။"

အစ်ကိုကြီးမေးခွန်းက လက်တွေ့ကျသည်။ အလုပ်တစ်ခု၏ အကျိုးအပြစ်ကို ချက်ချင်း ပေါ်လွင်အောင်မေးတတ်သည့် အစ်ကိုကြီးပါ။

**"နွေစပါးမှာတော့ ပြီးခဲ့တဲ့နှစ်က နေပြည်တော်နဲ့ တိုင်းဒေသကြီး ခြောက်ခုမှာ စိုက်ခဲ့ပါတယ်။ အထွက်နှုန်းအကောင်းဆုံးက ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး အထွက်နှုန်းအမြင့်ဆုံး တစ်ဧက တင်း ၁၆၀ ဖြစ်ပါတယ်။ ဒုတိယအထွက်နှုန်း အမြင့်ဆုံးက နေပြည်တော်ကောင်စီနယ်မြေဖြစ်ပြီး အမြင့်ဆုံးအထွက်နှုန်းက တစ်ဧက ၁၃၇ တင်း ဖြစ်ပါတယ်။ တတိယအထွက်နှုန်းအမြင့်ဆုံးက ပဲခူး တိုင်းဒေသကြီးဖြစ်ပြီး တစ်ဧက ၁၃၀ ဒသမ ၅ တင်း ထွက်ပါတယ်။ အသားတင်အကျိုးအမြတ် အများဆုံးကတော့ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး တစ်ဧက အသားတင်အမြတ် ၁၃၁၈၃၅၈ ကျပ် မြတ်"**

"အထွက်နှုန်းတိုးတာပေါ့ အစ်ကိုကြီးရ။ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးသုံးခုမှာ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၁ ဒသမ ၈၄ တင်း ပိုလာပါတယ်။ ပဲတီစိမ်းအထွက်နှုန်း အကောင်းဆုံးက ပဲခူး တစ်ဧကအမြင့်ဆုံး ၂၇ ဒသမ ၅၀ တင်း ထွက်ပါ တယ်။ ဒုတိယက ဧရာဝတီတိုင်းဒေသကြီး တစ်ဧက ၂၃ တင်းထွက်ပြီး တတိယက ရန်ကုန် တစ်ဧက ၂၀ ဒသမ ၀၄ တင်းထွက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပျမ်းမျှ မူလအထွက်နှုန်းထက် ၁ ဒသမ ၈၄ တင်း (နှစ်တင်းနီးပါး) ပိုပြီးထွက်တာကြောင့် လယ်သမား တွေအားလုံး ကျေနပ်ဝမ်းသာဖြစ်ကြပါတယ်။"

"အေး ကောင်းပါပြီ။ အထွက်တိုးတာတော့ မှန်ပါရဲ့။ အမြတ်ကရော ဘယ်လောက်တိုးသလဲ။"

အစ်ကိုကြီး၏ စေ့စပ်သေချာမှုက လေးစား လောက်ပါသည်။

"အဲဒီနှစ်က ပဲခူးတိုင်းဒေသကြီးက ပဲတီစိမ်း စိုက်တောင်သူတစ်ဦး တစ်ဧက ကုန်ကျစရိတ် ကျပ် ၄၄၅၀၀ ဖြစ်ပြီး ပဲတီစိမ်းရောင်းရငွေကျပ် ၁၅၄၉၈၀၀ ဖြစ်တဲ့အတွက် တစ်ဧကကို ကျပ် ၁၁၀၇၃၀၀ မြတ်ပါတယ်။ ဧရာဝတီက တောင်သူ တစ်ဧက ကုန်ကျစရိတ် ၂၇၇၆၀၉ ကျပ်ဖြစ်ပြီး တစ်ဧက ဝင်ငွေက ၉၆၉၁၂၅ ကျပ်ဖြစ်တာကြောင့် တစ်ဧက ကို ၆၉၁၅၁၆ ကျပ် မြတ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီးက ပဲတီစိမ်းစိုက် တောင်သူတွေကတော့ တစ်ဧက စိုက်စရိတ် ကျပ် ၇၂၅၀၀၀ ဖြစ်ပြီး ပဲတီစိမ်း ပြန်ရောင်းရငွေ တစ်ဧက ၁၃၃၃၃၃၃ ကျပ် ရတာ ကြောင့် တစ်ဧကကို ၆၀၈၃၃၃ ကျပ် မြတ်ပါတယ်။"

"အေး ကိုအောင် ဒီတစ်ခါတော့ မင်းကို ငါ လေးစားသွားပြီ။ ငါမေးသမျှ မင်းအသေးစိတ် ဖြေနိုင်ရှာတယ်။"

အစ်ကိုကြီး၏ အားပေးစကားကြောင့် ကျွန်တော် အတော်လေး ကျေနပ်သွားသည်။ ပြီးခဲ့သည့်အပတ်က ပြုလုပ်သည့်အလုပ်ရုံဆွေးနွေးပွဲ၏ ကျေးဇူးပင်။

"အစ်ကိုကြီး ညီကို သိပ်ပြီးလည်း အထင်ကြီး မနေနဲ့။ ပြီးခဲ့တဲ့အပတ်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ပြန်လည်သုံးသပ်ဆွေးနွေးပွဲလုပ်ထားလို့ ကျွန်တော်လည်း အသေးစိတ်ပြောနိုင်တာ။"

"အေး ဟုတ်ပါပြီ။ မင်းက ပဲတီစိမ်းအကြောင်း ချည်း ပြောနေတယ်။ နွေစပါးအခြေအနေလေး လည်း ပြောဦးလေကွာ။ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထောက်ပံ့မှုကြောင့် တို့တောင်သူတွေ စပါးဘယ်လောက်အထွက်တိုးတယ်၊ ဝင်ငွေ ဘယ်လောက်တိုးတယ်ဆိုတာလည်း ပြောစမ်းပါဦး။"

**စပါးအထွက်နှုန်းတိုး**

"ကျွန်တော်တို့ တောင်သူတွေ နိုင်ငံတော်ရဲ့ အထောက်အပံ့ပေးမှုကြောင့် စပါးအထွက် ဘယ်လောက်တိုးတက်လာတယ်ဆိုတာ ပြောချင် တာပါ။ နွေစပါးမှာတော့ ပြီးခဲ့တဲ့နှစ်က နေပြည်တော် နဲ့ တိုင်းဒေသကြီး ခြောက်ခုမှာ စိုက်ခဲ့ပါတယ်။ အထွက်နှုန်းအကောင်းဆုံးက ဧရာဝတီတိုင်းဒေသ ကြီးဖြစ်ပြီး အထွက်နှုန်းအမြင့်ဆုံး တစ်ဧက တင်း ၁၆၀ ဖြစ်ပါတယ်။ ဒုတိယအထွက်နှုန်း အမြင့်ဆုံးက နေပြည်တော်ကောင်စီနယ်မြေဖြစ်ပြီး အမြင့်ဆုံး အထွက်နှုန်းက တစ်ဧက ၁၃၇ တင်း ဖြစ်ပါတယ်။ တတိယအထွက်နှုန်းအမြင့်ဆုံးက ပဲခူးတိုင်းဒေသ ကြီးဖြစ်ပြီး တစ်ဧက ၁၃၀ ဒသမ ၅ တင်း ထွက်ပါ တယ်။ အသားတင်အကျိုးအမြတ် အများဆုံးက တော့ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး တစ်ဧက အသားတင်အမြတ် ၁၃၁၈၃၅၈ ကျပ် မြတ်ပါတယ်။ ဒုတိယအများဆုံးကတော့ ရန်ကုန်တိုင်းဒေသကြီး ဖြစ်ပြီး တစ်ဧကပျမ်းမျှ အသားတင်အမြတ် ၁၁၉၃၇၉၃ ကျပ် မြတ်ပါတယ်။ တတိယအမြတ်များတာကတော့ နေပြည်တော်ကောင်စီနယ်မြေဖြစ်ပြီး တစ်ဧက ပျမ်းမျှ အသားတင် ၁၀၆၃၈၂၆ ကျပ် မြတ်ပါတယ်။"

"အေးကွာ မင်းပြောတဲ့ အမြတ်တွေကတော့ တကယ့်ကို သွားရည်ယိုလောက်ပါရဲ့။ အဲဒီတော့ အဲဒီလိုမြတ်တာ ဘာ့ကြောင့်လဲ။ တို့လယ်သမား တွေ တစ်သက်လုံး ကျုံးရုန်းလုပ်ခဲ့ကြပေမယ့် ဘာကြောင့် ဒီလောက်အကျိုးအမြတ်မရသလဲ။ မင်း ငါ့ကိုသုံးသပ်ပြောပြပါဦး။"

**အကျိုးကျေးဇူး**

"ဒါနဲ့ ပတ်သက်ပြီးလည်း ကျွန်တော်တို့ အကျေ အလည် အဖြေရှာဆွေးနွေးပြီးဖြစ်ပါတယ်။ ကျွန်တော် တို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းမှာက သီးနှံစိုက်တဲ့မျိုး၊ မျိုးနဲ့ပတ်သက်ရင် အဖြစ်မစိုက် ခိုင်းဘဲ အထွက်ကောင်းတဲ့မျိုး၊ မျိုးကောင်းမျိုးသန့် ကို ရွေးချယ်စိုက်ပျိုးဖို့ စည်းရုံးဆောင်ရွက်တာ ဟာ အောင်မြင်ခြင်းရဲ့ လမ်းစပါ။ အစ်ကိုကြီး သိတဲ့အတိုင်း နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန် ချက်မှာ သီးနှံအထွက်ကောင်းအောင်၊ ပန်းတိုင် အထွက်နှုန်းရရှိအောင်၊ မျိုး၊ မြေ၊ ရေ၊ နည်းဆိုတဲ့ နည်းလမ်းလေးသွယ်ကို လိုက်နာခိုင်းတယ်။ ဒါကြောင့် ပထမအချက်သီးနှံမျိုးကို အကောင်းဆုံးရွေးချယ် စိုက်ပျိုးစေတယ်။ ဒုတိယအချက်က မြေ၊ မြေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့၊ အစ်ကိုကြီးတို့ အဘိုး အဘွားတွေ လက်ထက်ကတည်းက မြေကို ညက်ညက် ထွန်ဖို့၊ စိပ်စိပ်စိုက်ဖို့မှာခဲ့တယ်။ ဒါကလည်း သမား ရိုးကျဖြစ်ပေမယ့် တကယ်လိုက်နာသင့်တဲ့ကိစ္စရပ်ပဲ။ ပြီးတော့ မြေပြုပြင်တာ၊ ထယ်ရေးလှန်တာ၊ အာဟာရ ပြည့်ဝအောင်၊ သစ်စိမ်းမြေဩဇာ၊ သဘာဝ မြေဩဇာ၊ ဓာတ်မြေဩဇာထည့်တာ၊ ဒါတွေက မဖြစ်မနေလုပ်ရမယ့်အလုပ်ပဲလေ။

"တတိယအချက်က စိုက်ပျိုးရေ။ စိုက်ပျိုးရေနဲ့ ပတ်သက်ပြီး အလေးထားဖို့လိုတယ်ဆိုတာ အထူး ပြောစရာမလိုပါဘူး။ ရေများရင်လျှော့မယ်။ ရေနည်းရင်သွင်းမယ်။ ဒါက ကျွန်တော်တို့ စိုက်ပျိုး ရေးတောင်သူတွေ မဖြစ်မနေလုပ်ရမယ့် အလုပ် ပဲလေ။ စတုတ္ထအချက်ကတော့ နည်းပဲ။ ဒီနေရာမှာ စိုက်ပျိုးတဲ့နည်းလမ်း၊ စိုက်ပျိုးစနစ် ဒါတွေက ခေတ်မီရမယ်။ အမြဲသုတေသနပြုနေရမယ်။ အလားတူပဲ မြေဩဇာကျွေးတယ်၊ အပင် အားဆေး ဖျန်းတာ၊ ပိုးသတ်ဆေးဖျန်းတာ အပါအဝင် ဆောင်ရွက်တဲ့ နည်းလမ်းတွေဟာ အမြဲတမ်း သုတေသနပြုနေရင် အထွက်နှုန်းတိုးမယ်၊ အောင်မြင် မှာဖြစ်ပါတယ်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ အစီအစဉ်မှာ အရည်အသွေးမှန်ကန်တဲ့ သွင်းအား စုကို လိုအပ်တဲ့အချိန်မှာ လုံလောက်တဲ့ပမာဏကို ပြည့်ပြည့်ဝဝသုံးစွဲရခြင်းဟာလည်း အထွက်နှုန်း တိုးစေတဲ့ အဓိကအကြောင်းရင်း ဖြစ်ပါတယ်။ ဒါ့အပြင် ထွက်ရှိလာတဲ့သီးနှံကို မှန်ကန်တဲ့ ဈေးနှုန်း နဲ့ ဝယ်ယူမယ့် ဝယ်ယူကြိုတင်ခွဲရောင်းချတဲ့ အစုအဖွဲ့ ထည့်သွင်းဖွဲ့စည်းထားခြင်းကလည်း ဈေးနှုန်း မှန်ကန်ပြီး မှန်ကန်တဲ့ ဈေးကွက်ရှိတာကြောင့် စိုက်ပျိုးသူ၊ တောင်သူအတွက် ရင်အေးစေရပါတယ်။"

"မင်းပြောပြလို့ ၂၀၂၂-၂၀၂၃ ခုနှစ် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေအစီအစဉ်နဲ့ ဆောင်ရွက်တဲ့ ပဲတီစိမ်း၊ နွေစပါးစိုက်ပျိုးမှု အစီအစဉ်တွေတော့ အသေးစိတ်သိရပြီ။ အဲဒီနောက်ပိုင်း ဆက်ပြီးလုပ်တဲ့ မိုးစပါး၊ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာနဲ့ နွေစပါးအစီအစဉ်လေးတွေလည်း ပြောပြစမ်းပါဦး။"

ကျွန်တော်ပြောရသူပင် အတော်လေးမောနေပြီ။ အစ်ကိုကြီးကတော့ စိတ်ဝင်စားသူပီပီ မမောနိုင် မပန်းနိုင် ထပ်ပြီးမေးလာသည်။ သည်တော့လည်း ကျွန်တော်ထပ်ပြီး ရှင်းပြရဦးတော့မည်။

"အဲဒီတော့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ အစီအစဉ်နဲ့ ကျွန်တော်တို့ လုပ်ခဲ့တာတွေကတော့ အထူးသဖြင့် ပဲတီစိမ်း၊ နွေစပါးနဲ့ မိုးစပါးအစီအစဉ် တွေကို ပြောရရင် ၂၀၂၂-၂၀၂၃ ခုနှစ်မှာ ပဲတီစိမ်း ၃၃၅၇၉၉ ဧကနဲ့ နွေစပါး ၆၆၉၄၄၃ ဧက၊ ၂၀၂၃-၂၀၂၄ ခုနှစ်မှာ မိုးစပါး ၆၇၁၀၆၂ ဧကနဲ့ နွေစပါး ၇၃၉၄၉၃ ဧက၊ ၂၀၂၄-၂၀၂၅ ခုနှစ်မှာ မိုးစပါး ၈၆၃၂၆၂ ဧကနဲ့ နွေစပါး ၆၉၀၅၂၉ ဧကတို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာနဲ့ပတ်သက်ရင်တော့ ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံ မြေပဲ ၁၁၆၄၆၇ ဒသမ ၅ ဧကနဲ့ နှမ်းသီးနှံ ၂၆၃၃၃ ဧက ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်မှာ မိုးမြေပဲ ၈၇၉၁၃ ဧက စိုက်ပျိုးခဲ့ပါတယ်။ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံအနေနဲ့ မြေပဲ ၉၉၅၁၈ ဧက၊ နှမ်း ၃၇၁၃ ဧကနဲ့ နေကြာ ၄၉၄၀၂ ဧက စုစုပေါင်း ဆီထွက်သီးနှံ ၁၅၂၆၃၃ ဧက နိုင်ငံ့ စီးပွားအစီအစဉ်နဲ့ စိုက်ပျိုးခဲ့ပါတယ်"

"အေး စိုက်တာ ပျိုးတာနဲ့ အထွက်နှုန်းတွေ ကတော့ တဖြည်းဖြည်းတိုးတက်လာတာ အားရ စရာပါပဲ ။ ဒီအတိုင်းဆိုရင် ဟိုတုန်းက ပြောခဲ့ကြတဲ့ **"ဆီကိုရေချိုး ဆေးရိုးမီးလှူ၊ စပါးတောင်လိုပုံ"** တော့ မှာပါ။ ဝမ်းသာစရာပါကွာ။ ဒါနဲ့ မင်းတို့ ထောက်ပံ့ ပေးတဲ့နှုန်းထားကလည်း ဘယ်နှုန်းလောက်ရှိလဲ။"

"ပထမ ၂၀၂၂ ခုနှစ်ကစပြီး ထောက်ပံ့တုန်းက နွေစပါးတစ်ဧက ကျပ် နှစ်သိန်းနှုန်း၊ ပဲတီစိမ်း တစ်ဧကကျပ် ၁ ဒသမ ၂ သိန်းနှုန်း၊ မြေပဲတစ်ဧက ကျပ်သုံးသိန်းနှုန်း၊ နှမ်းတစ်ဧကကျပ် ၁ ဒသမ ၅ သိန်းနှုန်း၊ နေကြာတစ်ဧက ကျပ်နှစ်သိန်းနှုန်းနဲ့ ညီမျှတဲ့ သွင်းအားစုတွေ တောင်သူတွေကို ထုတ်ချေး ပေးခဲ့ပါတယ်။ ၂၀၂၃-၂၀၂၄ ခုနှစ်ကစပြီး မျိုးစေ့ ထည့်သွင်းသုံးစွဲရေးအပါအဝင် စပါးတစ်ဧကကို ကျပ် နှစ်သိန်းခွဲနှုန်း၊ မြေပဲတစ်ဧကကို ကျပ် လေးသိန်းနှုန်း၊ နှမ်းတစ်ဧကကို ကျပ်နှစ်သိန်းနှုန်း နဲ့ နေကြာတစ်ဧကကို ကျပ်နှစ်သိန်းခွဲနှုန်းနဲ့ ညီမျှတဲ့ သွင်းအားစုတွေကို ထောက်ပံ့ပေးနေပါတယ်။"

"အေးကွာ ကောင်းတယ်။ နိုင်ငံတော်က အခု လုပ်ပေးတဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေးအစီအစဉ်ဟာ တို့တောင်သူတွေအတွက် တကယ့်ကို အကျိုးရှိတဲ့ အစီအစဉ်ပဲ။ ဒါနဲ့ပတ်သက်ရင် အစည်းအဝေးတစ်ခု မှာ နိုင်ငံတော်အကြီးအကဲပြောခဲ့သလို **"နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် စီးပွားရေးအခြေအနေကောင်း တွေ ဖန်တီးပေးဖို့လိုတယ်"** ဆိုတဲ့ လမ်းညွှန်ချက်ကို တိုက်ရိုက်အကောင်အထည်ဖော်တဲ့ အစီအစဉ်ပါပဲ။ ဒီနိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအစီအစဉ်ကြောင့် တို့နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသလို တောင်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှာ သေချာတယ် လို့ ငါတော့ယုံကြည်တယ်ကွာ။"

အစ်ကိုကြီးက စဉ်းစဉ်းစားစား တွေးတွေးဆဆ မှတ်ချက်ချလိုက်ခြင်းဖြစ်ပါသည်။ ။

# တောင်ကြီးတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အထူးပြုဘာသာရပ်ပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ




တောင်ကြီး ဩဂုတ် ၁

**ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့တွင် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) ပင်စင်စား တစ်ဦးကို တစ်လလျှင် စားအုန်းဆီတစ်ပိဿာခွဲနှင့် ဆန်ခြောက်ပြည်နှုန်းဖြင့် ပင်စင်ထုတ်ရက်အတွင်း ရောင်းချပေးနေမှုနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ရှမ်းပြည်နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်းပြီး ကြက်ဥများ ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တောင်ကြီးတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အထူးပြုဘာသာရပ်ပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို တက်ရောက်ချီးမြှင့်ပြီး ဗိုလ်လုပွဲစဉ်အဖြစ် သင်္ချာဘာသာရပ်အသင်းနှင့် ဘူမိဗေဒဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ ဘူမိဗေဒဘာသာရပ်အသင်းက ငါးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ကြက်ခြေနီအသင်းအား အမှတ်တရလက်ဆောင်များကို တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုကို တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်ကလည်းကောင်း၊ တတိယဆုရရှိသော ဓာတုဗေဒဘာသာရပ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု၊ ဒုတိယဆုရရှိသော သင်္ချာဘာသာရပ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု၊ ပထမဆုရရှိသည့် ဘူမိဗေဒဘာသာရပ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်တို့ကို ပြည်နယ်ဝန်ကြီးများကလည်းကောင်း ချီးမြှင့်ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိသည့် ဘူမိဗေဒဘာသာရပ်အသင်းအား ငွေသားဆုနှင့် ဆုဖလားချီးမြှင့်ပေးအပ်၍ တောင်ကြီးတက္ကသိုလ်အတွင်းရှိ မိုးရေကန်ပေါင်များပေါ်တွင် အပန်းဖြေအနားယူနိုင်ရန် ရောင်စုံထိုင်ခုံများပြုလုပ်နိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့က အလှူငွေပေးအပ်ရာ တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ်က လက်ခံရယူခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# နောင်ချိုမြို့ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြား၊ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့်အခြေခံပညာကျောင်းများအား တစ်နှစ်နီးပါး ပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ် လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာ သင်ကြားနိုင်ရေးအတွက် အခြေခံပညာ ကျောင်းများကို ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိရာ ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူ ၇၄၈ ဦး ထပ်မံ၍ လာရောက်အပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၅၆၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် တပ်မတော်မှ ဆရာဝန်များက ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင် မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၈၆ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော် ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

* *ကျောဖုံးမှ*

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၈၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ဆီးချို/သွေးချို စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သပိတ်ကျင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အုန်းပိုင်ကျေးရွာဘုန်းတော်ကြီးကျောင်း တိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မိုင်းရယ်၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား UID ကတ် ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**မိုင်းရယ် ဩဂုတ် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းရယ်မြို့နယ်ဦးစီးဌာနမှူးရုံးက နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား Biometric အချက်အလက်များ ကောက်ယူ၍ UID ကတ် ထုတ်ပေးခြင်းလုပ်ငန်းကို ယမန်နေ့က မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူးရုံးရှိ ဝန်ထမ်းများက Smart Card မပြုလုပ်ရသေးသော နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား Biometric အချက်အလက်များ ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီးသူများနှင့် UID ကတ် ထုတ်ပေးရန်ကျန်ရှိသူများအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ချမ်းမြသာစည်မြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁**
ချမ်းမြသာစည် မြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၀ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သတင်းအရ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃)ရပ်ကွက် ၁၁၀ လမ်းတွင် ပြည်သိမ်းမောင်းနှင်ပြီး စိုင်းဖြိုးမင်းနိုင်နှင့် သက်ထွဋ်ဦးတို့ လိုက်ပါလာသည့် MARK II မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆေးပြား ၃၉၃၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၉၆၅ သိန်း)၊ စိတ်ပြောင်းဆေးဝါး (HAPPY WATER) ၀ ဒသမ ၉၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၁၄၀) တို့ကို ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃)ရပ်ကွက်ရှိ ပြည်သိမ်းငှားရမ်းနေထိုင်သည့် နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်မှ စိတ်ပြောင်းဆေးဝါး (HAPPY WATER) ၀ ဒသမ ၂၂ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၆၄ သိန်း)နှင့် ကတ်တမင်း ၀ ဒသမ ၁၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၆၀) ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ညနေ ၄ နာရီခွဲတွင် သတင်းအရ တိုက်ကြီးမြို့နယ် ဥပ္ပံစုရပ်ကွက် မြဝတီလမ်းရှိ ဒေါ်စိုးစိုးရီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ညီညီအောင်(ခ) ရာစင်းအား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၃၂၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၃၂ သိန်း) ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဇမ္ဗူသီရိမြို့နယ်၌ အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်း

**နေပြည်တော် ဩဂုတ် ၁**
နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်း၌ ယနေ့နံနက်ပိုင်းက အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ် (၁၈/၂၀၂၅) သင်တန်းဆင်းပွဲကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များအား သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးကို ပေးအပ်သည်။



မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် ဘေးအန္တရာယ်များ ရုတ်တရက်ကျရောက်ပါက ထိခိုက်ဒဏ်ရာရရှိသူများကို အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတကာမြို့ပြရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့များနည်းတူ အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး နည်းစနစ်များ ဆောင်ရွက်နိုင်စေရန်နှင့် မီးသတ်ဦးစီးဌာနတွင် မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Medium Urban Search and Rescue Team) ကို အပြည်ပြည်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး အကြံပေးအဖွဲ့ (International Search and Rescue Advisory Group-INSARAG) ၏ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မေ ၁၂ ရက်မှ ဩဂုတ် ၁ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ သင်တန်းသား ၆၀ ဖြင့် ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)**

■ *ကျော့ဖုံးမှ*

ထိုင်းနိုင်ငံရှိ ဘူရီရမ်ယူနိုက်တက်အသင်းအိမ်ကွင်း၌ ခြေစမ်းကစားမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အာဆီယံကလပ် ခြေစစ်ပွဲမတိုင်မီ တစ်ပတ်ကျော်ကြိုတင်လာရောက်ခြင်းဖြစ်ပြီး ဘူရီရမ်ယူနိုက်တက်အသင်းနှင့် ခြေစမ်းကစားပြီးပါက ထိုင်းနိုင်ငံ၌ ဆက်လက်နေထိုင်လေ့ကျင့်ကာ လာအိုကလပ် EZRA အသင်းနှင့် ခြေစစ်ပွဲကစားရမည်ဖြစ်သည်။ လာအိုကလပ်အသင်းသည် အိမ်ကွင်းလက်ခံကစားနိုင်ခြင်း မရှိသဖြင့် အိမ်ကွင်းပွဲကို ထိုင်းနိုင်ငံ ချောင်ဘူရီကွင်း၌ လက်ခံကစားမည်ဖြစ်ပြီး ဩဂုတ် ၉ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲဒုတိယအကျော့ကို ဩဂုတ် ၁၅ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းတွင် ဂိုးသမား - ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးအောင်၊ နောက်တန်း - နန္ဒကျော်၊ ဇွဲခန့်မင်း၊ ဇွဲထက်မင်း၊ ရဲမင်းသူ၊ သက်ဟိန်းစိုး၊ ယုကီ(ဂျပန်)၊ ဟိန်းဖြိုးဝင်း၊ မာရူစီယို(ဘရာဇီး)၊ အောင်ဝဏ္ဏစိုး၊ အလယ်တန်း - မတ်ခ်ဆာကီ (ဂါနာ)၊ ယူဂျီ (ဂျပန်)၊ လင်းထက်စိုး၊ ဇင်ဖြိုးအောင်၊ သက်ဝေမိုး၊ ခွန်ကျော်ဇင်ဟိန်း၊ လှိုင်းဘိုဘို၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင်၊ မက်သယူးဆူဇာ (ဘရာဇီး)၊ ရှေ့တန်း - ဂျော်ဒန်ဟာမီတန် (ကနေဒါ)၊ သူရိန်ထွန်းနှင့် စအောင်ပြည့်ကိုတို့ လိုက်ပါသွားသည်။ ရှမ်းယူနိုက်တက်အသင်းသည် ထိုင်းခရီးစဉ်သို့ ကစားသမား ၂၄ ဦး ခေါ်ဆောင်သွားပြီး နိုင်ငံခြားသားကစားသမား ခြောက်ဦးအပါအဝင် အမာခံကစားသမားအများစု လိုက်ပါသွားသည်။

ဘူရီရမ်ယူနိုက်တက်အသင်းသည် လက်ရှိထိုင်းထိပ်သီးကလပ်အသင်းဖြစ်ပြီး ပြီးခဲ့သည့်ရာသီတွင် အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ချန်ပီယံဆုအပါအဝင် ဖလားလေးလုံး ရရှိထားသည့်အသင်းလည်းဖြစ်သည်။

**သော်လေး**
**ဓာတ်ပုံ-SUFC**

❂ *ကျော့ဖုံးမှ*

ပွဲစဉ် (၁၀) တွင် YRG အသင်းက အား/ကာသိပွဲအသင်းကို နှစ်ဂိုး - တစ်ဂိုး၊ Pacific Sun Far အသင်းက ရန်ကုန်စီးတီးအသင်းကို သုံးဂိုး - နှစ်ဂိုး၊ Divine အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ၁၀ ဂိုး - တစ်ဂိုး၊ Thunder Tigresses အသင်းက Winner Generations အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲစဉ် (၁၀) အပြီးတွင် YRG အသင်းက ၂၆ မှတ်၊ Divine အသင်းနှင့် Thunder Tigresses အသင်းတို့က ၁၉ မှတ်စီ၊ Pacific Sun Far အသင်းက ၁၆ မှတ်၊ ရန်ကုန်စီးတီးအသင်းနှင့် အား/ကာသိပွဲအသင်းက ၁၄ မှတ်စီ၊ Winner Generations အသင်းက ငါးမှတ်ရရှိထားကာ မင်္ဂလာဒုံစီးတီးအသင်းမှာမူ ပွဲတိုင်းအရေးနိမ့်ပြီး အမှတ်မရသေးပေ။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-MFF**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁**
အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ် ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “@myogyi4665” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၂)ရပ်ကွက်(မြောက်)နေ လှဦးအား မွန်းလွဲ ၁ နာရီခွဲတွင် သာကေတမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျော့ဖုံးမှ*

(၄၁)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁ ရက်အထိ ကျင်းပပြီး အသက် ၁၂ နှစ်အောက်၊ ၁၄ နှစ်အောက်နှင့် ၁၈ နှစ်အောက် အမျိုးသားနှင့် အသက် ၁၈ နှစ်အောက် အမျိုးသမီးတို့ဖြင့် ပြိုင်ပွဲဝင် ၃၀ ခန့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

“JGM အသင်းကို ၂၀၁၃ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့ပြီး လူငယ်တွေ လက်ရည်မကျအောင် ပြိုင်ပွဲတွေစီစဉ်ပေးခဲ့တာ (၄၁)ကြိမ်ရှိပါပြီ။ အာဆီယံဖိတ်ခေါ်ပြိုင်ပွဲတွေမှာလည်း ဝင်ရောက်ယှဉ်ပြိုင်တဲ့အတွက် အတွေ့အကြုံတွေရရှိပြီး နိုင်ငံတကာပြိုင်ပွဲအထိ တက်လှမ်းနိုင်ဖို့နဲ့ နိုင်ငံ့ဂုဏ်ဆောင် ဂေါက်သီးအားကစားသမားများအဖြစ် ပေါ်ထွန်းလာအောင် JGM အနေနဲ့ လေ့ကျင့်ပျိုးထောင်ပေးနေပါတယ်” ဟု မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်အောင်က ပြောသည်။

Junior Golf Myanmar သည် ပြည်တွင်းပြိုင်ပွဲများအပြင် ဟောင်ကောင်၊ စင်ကာပူ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံ စသည့်ပြည်ပပြိုင်ပွဲများတွင်လည်း သွားရောက်ယှဉ်ပြိုင်လျက်ရှိပြီး ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်ရန်နှင့် နိုင်ငံ့ဂုဏ်ဆောင်မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် လေ့ကျင့်ပေးလျက်ရှိသည်။

“ အခုလိုပြိုင်ပွဲတွေကျင်းပရတဲ့ အဓိကရည်ရွယ်ချက်က လူငယ်မျိုးဆက်သစ်တွေအနေနဲ့ ပွဲရှိမှ လက်ရည်တိုးတက်တာကြောင့် ပွဲများများဖြစ်အောင်ဆောင်ရွက်ပေးပြီး ပြည်ပပြိုင်ပွဲတွေကနေ တစ်ဆင့်နိုင်ငံတကာပြိုင်ပွဲတွေမှာ နိုင်ငံကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် ကျင်းပပေးတာဖြစ်ပါတယ်။ တစ်လတစ်ကြိမ် ပြိုင်ပွဲကျင်းပပေးခြင်းအားဖြင့် ၁၂ နှစ်ကနေ ၁၄ နှစ်၊ ၁၈ နှစ် တစ်ဆင့်ချင်း လက်ရည်တိုးတက်လာမှုနဲ့အတူ ထိပ်တန်းအဆင့်ကို ရောက်နိုင်ပြီး နိုင်ငံ့ကိုယ်စားပြုယှဉ်ပြိုင်ရာမှာလည်း အခြားသောနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်မှာဖြစ်ပါတယ် ”ဟု Junior Golf Myanmar မှ အထွေထွေအတွင်းရေးမှူး ဦးကျော်မင်းမင်းလတ်က ပြောသည်။

(၄၁)ကြိမ်မြောက် ဂေါက်သီးချန်ပီယံရှစ်ပြိုင်ပွဲ၌ ၁၂ နှစ်အောက် သုံးဦး၊ ၁၄ နှစ်အောက် သုံးဦး၊ ၁၈ နှစ်အောက် သုံးဦးနှင့် ၁၈ နှစ်အောက် အမျိုးသမီးသုံးဦးတို့အား Winner များအဖြစ် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် JGM မှတာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး JGMအသင်း၌ လူငယ်မျိုးဆက်သစ်ကစားသမား ၅၀ ကျော်နှင့် အသင်းမဝင်ရသေးသော လူငယ်ကစားသမား စုစုပေါင်း ၈၀ ကျော်ရှိကာ အောက်တိုဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် ဖိတ်ခေါ်ပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံမှ မျိုးဆက်သစ်လူငယ်များ သွားရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**အောင်သန်းဦး၊ ဓာတ်ပုံ - ကိုလွင်**

# ဇွန်လအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ နိုင်ငံခြားခရီးသွား လာရောက်မှုမြင့်မားသော်လည်း သုံးစွဲငွေတွင်လျော့ကျ

**ဂျကာတာ ဩဂုတ် ၁**

၂၀၂၅ ခုနှစ် ဇွန်လအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှုနှုန်းမှာ ၁ ဒသမ ၄၂သန်းရှိပြီး ခရီးသွားဝင်ရောက်မှုဦးရေ သိသိသာသာမြင့်မားလာသော်လည်း ခရီးသွားများ၏ တစ်ဦးချင်းသုံးစွဲမှုမှာမူ လျော့ကျသွားသည်ဟု အင်ဒိုနီးရှားစာရင်းအင်းဌာန၏ ဩဂုတ် ၁ ရက် ထုတ်ပြန်ချက်အရ သိရသည်။

ဇွန်လအတွင်း ခရီးသွားဝင်ရောက်မှုနှုန်းမှာ ၂၀၂၅ ခုနှစ် မေလနှင့်နှိုင်းယှဉ်လျှင် ၈ ဒသမ ၄၂ ရာခိုင်နှုန်းတိုးလာပြီး ယမန်နှစ်အလားတူအချိန်နှင့် နှိုင်းယှဉ်လျှင် ၁၈ ဒသမ ၂ ရာခိုင်နှုန်း တိုးလာသည်ဟု သိရသည်။ အဓိကလာရောက်သည့် ခရီးသွားများမှာ ဩစတြေးလျနိုင်ငံသားများဖြစ်ပြီး ၄ရာရိုင်လေဆိပ်မှ တစ်ဆင့် ဝင်ရောက်မှုတိုးလာခြင်းဖြစ်ပြီး ဘာလီသို့ ပျံသန်းမှုများလာခြင်းကြောင့်ဖြစ်သည်ဟု အင်ဒိုနီးရှားစာရင်းအင်းဌာန ဖြန့်ဖြူးရေးနှင့် ဝန်ဆောင်မှုဌာန ဒုတိယအကြီးအကဲ ပူဂျီအိုက်မာတီနီက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

နိုင်ငံအလိုက်ကြည့်လျှင် မလေးရှားသည် နိုင်ငံခြားခရီးသွားဝင်ရောက်မှုနှုန်း ၁၆ ဒသမ ၇ ရာခိုင်နှုန်းယှဉ်နောက်တွင် စင်ကာပူက ၁၃ ဒသမ ၀ ရာခိုင်နှုန်းနှင့် ဩစတြေးလျက ၁၀ ဒသမ ၉ ရာခိုင်နှုန်းဖြစ်သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း နိုင်ငံခြားခရီးသွားဝင်ရောက်မှုနှုန်းမှာ ၇ ဒသမ ၀၅ သန်းရှိပြီး ၂၀၂၄ အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၉ ဒသမ ၄၄ ရာခိုင်နှုန်း တိုးလာသည်။ ခရီးသွားဝင်ရောက်မှုနှုန်းတိုးလာသော်လည်း ၂၀၂၅ ခုနှစ် ဒုတိယသုံးလတွင် ခရီးသွားများ၏ ငွေကြေးသုံးစွဲမှုနှုန်းမှာ လျော့ကျသွားကြောင်း သိရသည်။

ဆင်ဟွာ



ဘာလီရှိ ဒါဘယ်ဆစ်ခ်ကမ်းခြေတွင် အပန်းဖြေနေသည့် နိုင်ငံခြားခရီးသွားများကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံ အနောက်ပိုင်း အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်အထိရှိလာသည်မှာ နှစ်ရက်ဆက်တိုက်ရှိလာပြီဖြစ်

**တိုကျို ဩဂုတ် ၁**

ဂျပန်နိုင်ငံ နေရာအများအပြားၡ ဇူလိုင် ၃၁ ရက်က ပြင်းထန်သည့် အပူချိန်နှင့် ဆက်လက်တွေ့ကြုံနေရပြီး အချို့နေရာများတွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်ထက် ကျော်လွန်နေသည်မှာ နှစ်ရက်ဆက်တိုက်ရှိလာပြီဟု မိုးလေဝသအေဂျင်စီက ပြောသည်။



အထူးသဖြင့် ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် အန္တရာယ်ရှိသည့် အပူလှိုင်းကျရောက်ခဲ့သည်။ တာကာဟာရှီမြို့တွင် ဇူလိုင် ၃၁ ရက်က အပူချိန် ၄၀ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် ရှိသည်ဟု မိုးလေဝသအေဂျင်စီက ပြောသည်။

ဖူကူချီယာမာမြို့တွင် ၃၉ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်၊ အီဝါကူနီမြို့တွင် ၃၉ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်နှင့်နီရှီဝါကီမြို့၌ ၃၈ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်တို့ရှိသည်။ ဂျပန်နိုင်ငံရှိခရိုင် ၄၇ ခုအနက် ၃၄ ခုတွင် အပူဒဏ်သတိပေးချက်များ ထုတ်ပြန်ထားသည်။

ပြည်သူများအနေဖြင့်လေအေးပေးစက်အသုံးပြု၍ အေးမြသောနေရာတွင်နေရန်၊ ရေနှင့်ဓာတ်ဆားလုံလောက်စွာသုံးစွဲရန်နှင့် အပြင်ဘက်တွင် အလုပ်လုပ်ကိုင်သူများ မကြာခဏအနားပေးရန် မိုးလေဝသအရာရှိများက တိုက်တွန်းထားသည်။

ဆင်ဟွာ

# ဘရူနိုင်းနိုင်ငံ၌ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ငွေကြေးအကူအညီများ ပေးအပ်

**ဘန်ဒါဆရီဘီဂါဝန် ဩဂုတ် ၁**

ဘရူနိုင်းနိုင်ငံယဉ်ကျေးမှု၊ လူငယ်နှင့် အားကစားဝန်ကြီးဌာနသည် မကြာသေးမီက ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သည့် မိသားစု ၅၁ စု အတွက် ငွေကြေးအကူအညီများကို ပေးအပ်ခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဩဂုတ် ၁ ရက်တွင် ထုတ်ပြန်ထားသည်။



အဆိုပါ ငွေကြေးအကူအညီပေးအပ်ခြင်း အခမ်းအနားကို ဘရူနိုင်းနိုင်ငံအလယ်ပိုင်း Tutong ခရိုင်၌ ကျင်းပခဲ့ကြောင်း ပြည်တွင်းသတင်းစာ Borneo Bulletin တွင် ဖော်ပြထားသည်။ အဆိုပါအကူအညီသည် မိသားစုများ၏ အခက်အခဲများကို လျော့နည်းစေရန်နှင့် ဘရူနိုင်းအစိုးရ၏ ဂရုစိုက်ပေးမှုနှင့် ပြည်သူများအတွက် စိုးရိမ်ပူပန်မှုများကို ထင်ဟပ်စေရန် ရည်ရွယ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဘရူနိုင်းနိုင်ငံ၏ လူဦးရေသည် ၂၀၂၄ ခုနှစ်က နိုင်ငံသား ၃၄၆၅၀၀ နှင့် အမြဲတမ်းနေထိုင်သူ ၂၆၃၀၀ ရှိပြီး အာဆီယံဒေသတွင်း လူဦးရေအနည်းဆုံးနိုင်ငံဖြစ်ကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်များ ကြွယ်ဝကြောင်း သိရသည်။

ဆင်ဟွာ

# မကာအို စီးပွားရေး ဒုတိယသုံးလပတ်အတွင်း ၅ ဒသမ ၁ ရာခိုင်နှုန်း တိုးလာ

**မကာအို ဩဂုတ် ၁**

တရုတ်နိုင်ငံ၏ မကာအိုအထူးအုပ်ချုပ်ရေးဒေသ (SAR) ၏ ၂၀၂၅ ခုနှစ် ဒုတိယသုံးလပတ်အတွင်း စီးပွားရေးမှာ ယမန်နှစ်ကထက် ၁၀၀ ဒသမ ၃၈ ဘီလီယံပါတာကတ်အထိ ၅ ဒသမ ၁ ရာခိုင်နှုန်း တိုးလာရာ အပြုသဘောဆောင်သည့် တိုးတက်မှုဖြစ်ကြောင်း မကာအို၏ စာရင်းအင်းနှင့် သန်းခေါင်စာရင်း ဝန်ဆောင်မှုလုပ်ငန်း (DSEC) မှ ထုတ်ပြန်သည့် ပဏာမ အချက်အလက်များအရ သိရသည်။

ခရီးသွားလုပ်ငန်း မြှင့်တင်ရန် အစိုးရက ကြိုးပမ်းအားထုတ်လျက်ရှိရာ ခရီးသွားလုပ်ငန်းမှ ၂၀ ရာခိုင်နှုန်းခန့်တိုးလာကြောင်း သိရသည်။ ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်း မကာအို၏ စီးပွားရေးမှာ ၂၀၀ ဒသမ ၁၄ ဘီလီယံ ပါတာကတ်အထိရှိရာ ယမန်နှစ်ကထက် ၁ ဒသမ ၈ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။

ဆင်ဟွာ

# ထိုင်းနှင့် ကမ္ဘောဒီးယားတို့ နယ်စပ်အရေးကို လာမည့် သီတင်းပတ်အတွင်း မလေးရှားနိုင်ငံ၌ ဆွေးနွေးသွားမည်

**ဖနောင်ပင် ဩဂုတ် ၁**

လာမည့်သီတင်းပတ်အတွင်း မလေးရှားနိုင်ငံ၌ နယ်စပ်အရေးကို ဆွေးနွေးရန် ထိုင်းနိုင်ငံ၏အဆိုပြုချက်ကို ကမ္ဘောဒီးယားနိုင်ငံက ကြိုဆိုကြောင်း ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၁ ရက်တွင် ပြောသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အထွေထွေနယ်စပ်ကော်မတီ (ဂျီဘီစီ) အစည်းအဝေးကျင်းပရန် ထိုင်းနိုင်ငံ၏အဆိုပြုချက်ကို ကမ္ဘောဒီးယားကကြိုဆိုကြောင်း ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး မာလေဆိုချီတာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံမှုမှ အပြုသဘောဆောင်ပြီး ရလဒ်ကောင်းများ ထွက်ပေါ်လာလိမ့်မည်ဟု ယုံကြည်ကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။ ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီး တီးဆေဟာနှင့် ထိုင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး နက်တာဖုန်းနခွဲဖန်နစ်တို့လည်း လာမည့်အစည်းအဝေးသို့တက်ရောက်မည်ဟု ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး မာလေဆိုချီတာ၏ ပြောကြားချက်အရ သိရသည်။

ဂျီဘီစီအထူးအစည်းအဝေးအတွက် ထိုင်းနိုင်ငံဒုတိယကာကွယ်ရေးဝန်ကြီးက ကမ္ဘောဒီးယား၏ဖိတ်ကြားချက်ကို တရားဝင်ပြန်ကြားခဲ့ကြောင်း ထိုင်းကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဇူလိုင် ၃၁ ရက်တွင် လူမှုကွန်ရက်မီဒီယာပေါ်၌ ပြောကြားခဲ့သည်။ ၎င်း၏ ပြောကြားချက်တွင် ထိုင်းနိုင်ငံ၏ ဒုတိယကာကွယ်ရေးဝန်ကြီးက အစည်းအဝေးတွင် ပါဝင်ခွင့်ရခြင်းအတွက် ကြိုဆိုကြောင်းနှင့် တင်းမာမှုများကို လျှော့ချရန်နှင့် နယ်စပ်လုံခြုံရေးဆိုင်ရာပြဿနာများကို အပြုသဘောဖြင့် ငြိမ်းချမ်းစွာဖြေရှင်းရန် အလေးပေးပြောကြားခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ကင်ညာနိုင်ငံသို့ ခရီးသည်ဝင်ရောက်မှုမှာ ငါးလအတွင်း ၂ ဒသမ ၃ ရာခိုင်နှုန်းတိုးလာ

**နိုင်ရိုဘီ ဩဂုတ် ၁**

၂၀၂၅ ခုနှစ် ပထမငါးလအတွင်း ကင်ညာနိုင်ငံသို့ ခရီးသည်ဝင်ရောက်မှုမှာ ၂ ဒသမ ၃ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။

ယင်းသို့တိုးလာခြင်းမှာ ခရီးသွားလုပ်ငန်းများနှင့် ဈေးကွက်အရင်းအမြစ်များကို အမျိုးမျိုးပြောင်းလဲထုတ်လုပ်ခြင်းဖြင့် နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုကြောင့်ဖြစ်ကြောင်း ကင်ညာအမျိုးသားစာရင်းအင်းရုံး (KNBS)က ဇူလိုင် ၃၁ ရက်တွင် ထုတ်ပြန်ထားသည်။

ကင်ညာနိုင်ငံသို့ ပထမငါးလအတွင်း ခရီးသည် ၉၂၂၉၆၁ ဦး လာရောက်လည်ပတ်လျက်ရှိရာ ၂၀၂၄ ခုနှစ် အလားတူကာလက ၉၀၂၀၇၆ ဦးထက် ခရီးသည်ဝင်ရောက်မှုတိုးလာကြောင်း သိရသည်။ ကင်ညာနိုင်ငံသို့ ဇန်နဝါရီလတွင် လာရောက်လည်ပတ်သူဦးရေမှာ ၂၁၇၇၅၃ ဦးဖြင့် အများဆုံးဖြစ်ပြီး ဖေဖော်ဝါရီလတွင် ၁၉၆၁၄၆ ဦးနှင့် မေလတွင် ၁၇၁၂၆၉ ဦးတို့ အသီးသီးလာရောက်လည်ပတ်လျက်ရှိကြောင်း (KNBS)က ထုတ်ပြန်ထားသည်။

ဆင်ဟွာ

## စဉ့်ကိုင်မြို့နယ်၌ ၁၀ တန်းသွားမျိုးစေ့ချကိရိယာစက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြ

**စဉ့်ကိုင် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ၂၀၂၅ - ၂၀၂၆ ခုနှစ် ၁၀ တန်းသွား မျိုးစေ့ချကိရိယာစက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက စဉ့်ကိုင်မြို့နယ် သင်္ကေတုံကျေးရွာအုပ်စု သင်္ကေတုံကျေးရွာရှိ တောင်သူဦးသောင်းစိန် လယ်မြေသုံးကေ၌ ပြုလုပ်သည်။



အဆိုပါ ၁၀ တန်းသွား မျိုးစေ့ချကိရိယာစက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းဖြင့် အလုပ်သမားလိုအပ်ချက် လျော့နည်းခြင်း၊ လုပ်ငန်းပြီးစီးမှုမြန်ဆန်ပြီး အချိန်ကုန်သက်သာခြင်း၊ မျိုးစေ့ကုန်ကျမှု သက်သာစေခြင်းကြောင့် စိုက်ပျိုးမှုကုန်ကျစရိတ် လျှော့ချနိုင်ခြင်း၊ အပင်ပေါက်နှုန်းကောင်းမွန်ခြင်း၊ ပင်ကြားတန်းကြား ညီညာစွာ စိုက်ပျိုးထားခြင်းကြောင့် ကြားပေါင်းလိုက်ရာတွင် လွယ်ကူစွာလုပ်ဆောင်နိုင်ခြင်း၊ အပင်လေဝင်လေထွက် ကောင်းမွန်ခြင်း၊ သီးနှံဖြစ်ထွန်းမှုပိုမိုပြီး အထွက်နှုန်းတိုးလာခြင်းကြောင့် တောင်သူများ ဝင်ငွေတိုးပွားလာခြင်း အကျိုးကျေးဇူးများ၊ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များနှင့် စိုက်ပျိုးရာတွင် သတိပြုလိုက်နာရမည့် အကြောင်းအရာတို့ကို စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးရဲကျော်စိုးက အသေးစိတ် ရှင်းလင်းပြောကြားသည်။ ယင်းနောက် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက ၁၀ တန်းသွားမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို လက်တွေ့သရုပ်ပြသခဲ့သည်။

**ကျော်စွာ(စဉ့်ကိုင်)**

## သထုံမြို့နယ် ကျောင်းပြင်ပ အလယ်တန်းပညာရေး(NFME) အခြေစိုက်စခန်း ဖွင့်ပွဲကျင်းပ

**သထုံ ဩဂုတ် ၁**

သထုံမြို့နယ်၌ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာနမှ စီစဉ်ပြုလုပ်သည့် ကျောင်းပြင်ပ အလယ်တန်းပညာရေး (NFME) အခြေစိုက်စခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက လိပ်အင်းရပ်ကွက်၊ ရွာဦး၊ သမီးတော်ကုန်း ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဆွေနှင့် ကျောင်းပြင်ပပညာရေး ပြည်နယ်ကြီးကြပ်ရေးမှူး ဦးတင်ထွန်းတို့က ကျောင်းပြင်ပ ပညာရေးလုပ်ငန်း အခြေအနေနှင့် အခြေစိုက်စခန်း ဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သထုံခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတို့က ကျောင်းသုံးပုံနှိပ်စာအုပ် (မိတ္တူ) ၁၀ စုံနှင့် ဗလာစာအုပ်တို့ကိုပေးအပ်လှူဒါန်းပြီး အလှူရှင်တို့က ကျောင်းပြင်ပ အလယ်တန်း ပညာရေး (NFME) အခြေစိုက်စခန်းအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် အလှူငွေစုစုပေါင်း ငွေကျပ် ၈၆ သိန်းခန့် ပေးအပ်လှူဒါန်းသည်။



သထုံမြို့နယ်၌ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဖွင့်လှစ်ခွင့်ရသည့် ကျောင်းပြင်ပ မူလတန်းပညာရေး(NFPE) အခြေစိုက်စခန်းလေးခုနှင့် ယနေ့ဖွင့်လှစ်သည့် ကျောင်းပြင်ပ အလယ်တန်းပညာရေး (NFME) အခြေစိုက်စခန်းတစ်ခု ရှိကြောင်း၊ ယခုဖွင့်လှစ်သည့် အခြေစိုက်စခန်းမှာ ကိုယ့်အားကိုယ်ကိုး အခြေစိုက်စခန်းဖြစ်ပြီး ပထမအဆင့် ကျောင်းသားကျောင်းသူ ၁၉ ဦးတက်ရောက်နေကြကာ ဆရာ ဆရာမ သုံးဦးဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းပညာပေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ တစ်နှစ်သုံးသီးစား သီးနှံစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် နည်းပညာပေး ဆွေးနွေးခြင်းကို ယမန်နေ့က ဝဲကြီးကျေးရွာအုပ်စုနှင့် အေးမြင့်သာယာကျေးရွာအုပ်စုတို့၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဇော်က



ပုဗ္ဗသီရိ၊ ဇေယျာသီရိနှင့် တပ်ကုန်းမြို့နယ်တို့ရှိ လယ်ယာမြေများပေါ်တွင် နှမ်း၊ မိုး၊ ဆောင်း ရာသီပြည့် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးနှင့် သီးထပ်စွမ်းအားတိုးမြှင့်ရေး လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာပေး လုပ်ငန်းများ ရှင်းလင်းဆွေးနွေးသည်။ သီးနှံကာကွယ်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်အေးပွင့်ခိုင် ဦးဆောင်သည့် ပညာရှင်အဖွဲ့နှင့် ခရိုင်ဦးစီးမှူး ဦးတင်နိုင်ဝင်းတို့က တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် မျိုးကောင်း၊ မျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်သည့် သီးနှံပုံစံများ၊ ရိုးပြတ်များ အမြန်ဆွေးမြည့်ရန် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မြေဆီလွှာနှင့် ရေစီမံခန့်ခွဲရေး နည်းလမ်းများ၊ မြေဩဇာစနစ်တကျ ထည့်သွင်းအသုံးပြုခြင်း နည်းလမ်းများ၊ ပိုးမွှားရောဂါနှင့် ပေါင်းမြက်များအား ဘက်စုံကာကွယ်နှိမ်နင်းရေး နည်းလမ်းများကို ပညာပေးဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နန်းရတီ (ပြန်/ဆက်)**

## နောင်မွန်းမြို့နယ်၌ အွန်လိုင်းလိမ်လည်မှုနှင့် လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေး

**နောင်မွန်း ဩဂုတ် ၁**

ကချင်ပြည်နယ် နောင်မွန်းမြို့နယ်၌ ကျောင်းသားကျောင်းသူများ အသိပညာ ဗဟုသုတရရှိစေရန်နှင့် လိမ်လည်မှုအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ အွန်လိုင်းလိမ်လည်မှုနှင့် လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၃၀ ရက်က အထက (နောင်မွန်း) ကျောင်းထလမ်ရာဇီခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဆန်းညွန့်ဦးက "လူမှုပတ်ဝန်းကျင်အပေါ် Social Media ရဲ့အကျိုးသက်ရောက်မှုဆိုင်ရာများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောကာ နောင်မွန်းမြို့မရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်စိုးက "Social Media ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ပုဒ်မများ'' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယ ရဲအုပ်ကျော်မိုးလွင်က "လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေပုဒ်မများ'' ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးဟောပြောကြသည်။



အဆိုပါ အခမ်းအနားသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် Grade-8 မှ Grade-12 အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**အောင်လံ ဩဂုတ် ၁**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်း ဇူလိုင် ၃၁ ရက်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

အောင်လံမြို့နယ် ဘို့လည်(မြစ်နား)ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၁၅၀ စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် အရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးချုပ်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး ကော်မတီဝင်များ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ခဲ့သည်။

**ငြိမ်းသူ**



## အသက် ၈၅ နှစ်အထက် ဘိုးဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား အခမဲ့ ဆေးကုသပေး

**ကံမ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး ကံမမြို့ ပြည်သူ့ဆေးရုံ၌ အသက် ၈၅ နှစ်အထက် ဘိုးဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား ဆီးချို သွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါများ စစ်ဆေးပေးခြင်းကို ဇူလိုင် ၃၀ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ အခမဲ့စမ်းသပ်စစ်ဆေး ကုသပေးသည်။

ထိုသို့ စစ်ဆေးကုသရာတွင် ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချို သွေးချို စစ်ဆေးပေးခြင်းနှင့် ECG စစ်ဆေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးပြီး လိုအပ်သည့်ကုသမှုများကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝေလင်းဗိုလ်နှင့် ကျန်းမာရေးဆရာမများက အခမဲ့ စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေယျာဝင်း(ကံမ)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ကျောက်စိမ်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင် မင်းတုန်းမြို့နယ်၌ တရားမဝင် အခြားသစ် ၀ ဒသမ ၈၇၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၂၅၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၃၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ရတနာပုံတံတား (နှာပေါက်) စစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၁၁၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၅၂၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၃၁ ရက်တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၁၁၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ဩဂုတ် ၁ ရက်တွင် တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၉၆၄ တန်၊ သစ်မာ ၆ ဒသမ ၀၅၃ တန်၊ အခြားသစ် ၁၄ ဒသမ ၄၃၀ တန်၊ မီးသွေး ၃ ဒသမ ၂၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၂၆၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၃၃၂၆၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ရှစ်လုံးထိုး အင်ဂျင်နှစ်လုံး အပါအဝင် ဆက်စပ်ပစ္စည်း ၃၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၆၇၅၀၀၀) ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ ရွှေဘိုမြို့ အမှတ်(၈) စစ်အခြေခံလေ့ကျင့်ရေးတပ် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများနှင့် ဖြတ်စရောရာ ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀) ကို မြန်မာ့ကျောက်မျက်ရတနာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၂၂၅၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ မန္တလေးရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ်(၇) ရှိ ဂိုဒေါင် တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၃၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ကိုးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၃၀ ရက်၊ ၃၁ ရက်နှင့် ဩဂုတ် ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၀၅၉၇၆၀) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# လူငယ်စုံတွဲများကို Sex Video ရိုက်ကူးကာ Live လွှင့်တင်ခဲ့ပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်တစ်သက်ချမှတ်

**နေပြည်တော် ဩဂုတ် ၁**

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်၌ လူငယ်စုံတွဲများကို Sex Video ရိုက်ကူးကာ Live လွှင့်တင်ခဲ့ပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်တစ်သက်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်နေ မောင် -----၊ ၂၆/၂၀၂၅ နှစ်နှင့် ၎င်း၏ ရည်းစားဖြစ်သူ မ-----၊ ၁၈/၂၀၂၅ နှစ်တို့မှ ခင်မင်ရင်းနှီးသည့် ရွှေပြည်သာမြို့နယ်နေ မယုဝတီထံ အလုပ်လုပ်လိုကြောင်း အကူအညီတောင်းခံခဲ့ရာ မယုဝတီမှ အလုပ်ရမည်၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် နဝဒေးအိမ်ရာသို့ လာရောက်ရန် ခေါ်ဆောင်သဖြင့် သွားရောက်ခဲ့ရာ နေအိမ်၌ မယုဝတီနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဇင်မင်းဦး၊ တရုတ်ဘာသာပြန် ရဲရင့်ဦး၊ တရုတ်နိုင်ငံသား ဒါရိုက်တာ အားဂျယ်၊ ကြီးကြပ်သူ Lin Te၊ Sex Video ရိုက်ကူးသူ Wang Xiaofeng တို့နှင့်အတူ လူငယ်စုံတွဲနှစ်တွဲအား တွေ့ရှိခဲ့ပြီး ၎င်းတို့ စုံတွဲသုံးတွဲအား Sex Video ရိုက်ကူးသည့် အလုပ်လုပ်ကိုင်ရမည်၊ လုပ်အားခအနေဖြင့် တစ်လလျှင် ငွေကျပ် ၁၁ သိန်းမှ ၁၆ သိန်း ခန့်ရရှိမည်ဟု စည်းရုံးပြောဆို၍ Sex Video သုံးကြိမ်စီရိုက်ကူးကာ ချီထိုက် Application မှတစ်ဆင့် Live လွှင့်တင်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် Sex Video ရိုက်ကူးကာ Live လွှင့်တင်ခဲ့ပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများဖြစ်သည့် မယုဝတီနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဇင်မင်းဦး၊ တရုတ်ဘာသာပြန် ရဲရင့်ဦး၊ တရုတ်နိုင်ငံသား အားဂျယ်(တိမ်းရှောင်)၊ Lin Te နှင့် Wang Xiaofengတို့ကို လှိုင်သာယာ(အရှေ့ပိုင်း) မြို့မရဲစခန်း (ပ) ၃၂၅/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)(ခ)ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင်၂၉ ရက်တွင် စစ်ခုံရုံးအဖွဲ့(၃၈)၊ စစ်ခုံရုံးဥက္ကဋ္ဌက ဖမ်းမိတရားခံ ငါးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)(ခ)အရ ထောင်ဒဏ်တစ်သက်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် နဝဒေးအိမ်ရာနေ သူဇာစိုး(ခ) သူသူနှင့် ခင်ပွန်းဖြစ်သူ တရုတ်နိုင်ငံသား ရီဘော်(YIBO) တို့က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မ-----၊ ၂၆/၂၀၂၅ နှစ်နှင့် မ-----၊ ၂၂/၂၀၂၅ နှစ်တို့ကို တရုတ်အမျိုးသားနှင့် လက်ထပ်ပေါင်းသင်းနေထိုင်ပါက မိဘများအား ထောက်ပံ့ပေးနိုင်မည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသား ချောင်ချိုးချွင် (Cao Qiu Quan)၊ ချန်ဟွမ့်(Chen Huan) ဆိုသူတို့နှင့် ငွေကျပ်သိန်း ၁၂၀ ဖြင့် တောင်းရမ်းလက်ထပ်ထိမ်းမြားပေးကာ သူဇာစိုးငှားရမ်းနေထိုင်သည့် နဝဒေးအိမ်ရာ၌ အိမ်ခန်းတစ်ခန်းစီတွင် ပေါင်းသင်းနေထိုင်စေပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့မရဲစခန်း (ပ) ၂၆၆/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင်၂၉ ရက်တွင် စစ်ခုံရုံးအဖွဲ့(၃၈)၊ စစ်ခုံရုံးဥက္ကဋ္ဌမှ တရားခံ သူဇာစိုး(ခ)သူသူ၊ တရုတ်နိုင်ငံသား ရီဘော် (YIBO)၊ ချောင်ချိုးချွင် (Cao Qiu Quan) နှင့် ချန်ဟွမ့်(Chen Huan) တို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ ထောင်ဒဏ်တစ်သက်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဇော်မင်းလှ(ခ)ရဖစ်နှင့် ဇနီးဖြစ်သူ ယွန်းကာရံချို့တို့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နေ မ-----၊ ၂၀/၂၀၂၅ နှစ်အား လူမှုကွန်ရက် Tik Tok ၌ @Baby 31.0 အကောင့်မှ တစ်ဆင့် ပြည့်တန်ဆာ လုပ်ကိုင်ပါက တစ်ညလျှင် ငွေကျပ် နှစ်သိန်းကျပ်ရမည်၊ တရုတ်နိုင်ငံသို့သွားရောက်၍ တရုတ်မယား လုပ်ကိုင်ပါက ငွေကျပ် သိန်း ၇၀ ရမည်၊ လစဉ်ငွေကျပ် ၁၀ သိန်း ရမည်ဟု စည်းရုံးပြောဆို၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နေအိမ်သို့ ခေါ်ယူစုဆောင်းခဲ့ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရုတ်ယောကျ်ားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သောင်ကြီးနယ်မြေရဲစခန်း(ပ) ၅၈၃/ ၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၂၉ ရက်တွင် စစ်ခုံရုံးအဖွဲ့(၄၀)၊ စစ်ခုံရုံးဥက္ကဋ္ဌက တရားခံ ဇော်မင်းလှ(ခ)ရဖစ်နှင့် ယွန်းကာရံချို့တို့ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ ထောင်ဒဏ်တစ်သက်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ စံပယ်ချိုက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်နေ မ-----၊ ၁၅/၂၀၂၅ နှစ်အား လူမှုကွန်ရက် Tik Tokမှ တစ်ဆင့် တရုတ်နိုင်ငံရှိ ငါးစက်ရုံနှင့် ဆေးလိပ်စက်ရုံတို့တွင် သွားရောက်အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ယွမ် ၃၅၀၀ မှ ၄၀၀၀ ခန့်အထိရမည်၊ သွားရောက်လုပ်ကိုင်လိုပါက လာရောက်ခေါ်ဆောင်ပေးမည်ဟု စည်းရုံးပြောဆိုပြီး လိပ်စာတူနေ ဇော်မင်းလှ (ခ)ရဖစ်နှင့် ဇနီးဖြစ်သူ ယွန်းကာရံချို့တို့၏အစီအစဉ်ဖြင့် ရန်ကုန်မှ မြစ်ကြီးနားမြို့သို့ ပို့ဆောင်ခဲ့ကြောင်း၊ မြစ်ကြီးနားမြို့တွင် အောင်ဆန်းက လာရောက်ခေါ်ဆောင်ပြီး ကံပိုင်တည်မြို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် တရုတ်နိုင်ငံ ကွမ်းတုံပြည်နယ်ရှိ တရုတ်အမျိုးသား ရှောမန်ဆိုသူ၏ နေအိမ်သို့ တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ဇော်မင်းလှ(ခ)ရဖစ်ပါ လေးဦးကို လှိုင်သာယာ (အရှေ့ပိုင်း) မြို့မရဲစခန်း(ပ) ၃၈၅/ ၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈ (က) ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၂၉ ရက်တွင် စစ်ခုံရုံးအဖွဲ့(၄၀)၊ စစ်ခုံရုံးဥက္ကဋ္ဌမှ ဖမ်းမိတရားခံ ဇော်မင်းလှ(ခ)ရဖစ်၊ ယွန်းကာရံချို့နှင့် စံပယ်ချိုတို့အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ ထောင်ဒဏ်တစ်သက်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ မကွေးတိုင်းဒေသကြီး အောင်လံမြို့နေ သူသူဝင်း(ခ) မသူနှင့် ခင်ပွန်းဖြစ်သူ မြင့်အောင် တို့က တစ်မြို့တည်းနေ မ----၊ ၁၇/၂၀၂၅ နှစ် နှင့် မ-----၊ ၂၄/၂၀၂၅ နှစ် တို့ကို တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ် သိန်း ၈၀ ရမည်၊ ကလေးမွေးပေးရမည်၊ တစ်နှစ် စာချုပ်ချုပ်ရမည်၊ တစ်နှစ်ပြည့်ပါက ပြန်ခေါ်ပေးမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ကာ တရုတ်ယောကျ်ားထံရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်း (ပ) ၈၃/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၃၀ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ သူသူဝင်း(ခ)မသူကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ မြင့်အောင်ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်း



**ရန်ကုန် ဩဂုတ် ၁**

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းပွဲကို ယမန်နေ့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သီသီခိုင်က အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။ အသိပညာပေး ရှင်းလင်းပွဲသို့ မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဝင်များ၊ မိတ်ဖက်ဌာန/အဖွဲ့အစည်းများ၊ အခွန်ထမ်း ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ(ပြန်/ဆက်)**

## ပင်လောင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ပင်လောင်း ဩဂုတ် ၁**

ပင်လောင်းမြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ ယင်းလုပ်ငန်းများမှာ နောင်တရား-မီးလောင်ကုန်း-နန်းပါလင်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ နောင်ကောက် -ခေါ်ပင် လမ်းပေါ်ရှိ ပေ ၃၀ တံတားတစ်စင်း၊ ထီနဲ့-ထီတမောင်းလမ်းပေါ်ရှိ ပေ ၃၀ တံတားတစ်စင်းနှင့် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆည်ခေါင်း-နောင်မွန်-နောင်လင်-ဘန့်ပြင် - လုံးပိုး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအပါအဝင် ယင်းလမ်းပေါ်ရှိ ပေ ၄၀ တံတားတစ်စင်း၊ သံတဲ-ဘုရားပေါ်-မြေနီကုန်းလမ်းပေါ်ရှိပေ ၄၀ တံတားတစ်စင်း



ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရွှေတောင်မြို့၌ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေအသိပညာပေးဟောပြော



**ရွှေတောင် ဩဂုတ် ၁**

ရွှေတောင်မြို့နယ်၌ လူမှုဝန်ထမ်း ဦးစီးဌာန ပြည်ခရိုင်လူမှုဝန်ထမ်း ရုံးမှ ဦးစီးကျင်းပသည့် သက်ကြီး ရွယ်အိုများဆိုင်ရာ ဥပဒေအသိ ပညာပေး ဟောပြောပွဲကို ယမန် နေ့က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း ရုံးမှ ဦးစီးမှူး ဒေါ်မို့မို့အေးက သက်ကြီးရွယ်အို ဘိုးဘွားများ၏ လူမှုရေးပင်စင်ဆိုင်ရာစည်းမျဉ်း စည်းကမ်းများ၊ မိမိတို့၏ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ ဘိုးဘွားများ၏ ရပိုင်ခွင့်များ နစ်နာဆုံးရှုံးမှု မရှိစေရန် လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ဆောင်ရွက်ပေးနိုင်ရေးတို့ကို ဟောပြောဆွေးနွေးသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ်၌ အွန်လိုင်းလိမ်လည်မှု ဖြစ်စဉ်များ မဖြစ်ပွားစေရေး အသိပညာပေး

**ရန်ကုန် ဩဂုတ် ၁**

မြောက်ဥက္ကလာပမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အွန်လိုင်းလိမ်လည်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေးနှင့် ကြိုတင်သတိထား ဆောင်ရွက်ရမည့် နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး ကျောင်းအခြေပြု အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း မြတ်ခရေခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူး ထွန်းထွန်းဦးက ယနေ့ခေတ် နည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ဖြစ်ပွားလျက်ရှိသဖြင့် ကြိုတင်သတိထားလိုက်နာရမည့်အချက်များ၊ အင်တာနက်အွန်လိုင်း အသုံးပြု၍ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံမှ ငွေကြေးနှင့် အချက်အလက်များ လိမ်လည်လှည့်ဖြားရယူခြင်းများ၊ အင်တာနက် အွန်လိုင်းအသုံးပြု၍ လောင်းကစားမှု၊ လိမ်လည်မှုနှင့် ဆိုက်ဘာ



လုံခြုံရေးဆိုင်ရာများကို ကျောင်းသား ကျောင်းသူများ သတိပြုဆင်ခြင်နိုင်ရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်များအသုံးပြု၍ အွန်လိုင်းဘဏ်စနစ်ဖြင့် ငွေကြေးလိမ်လည်နေမှုဖြစ်စဉ်များ စသည်တို့ကို အသိပညာပေး ဟောပြောခဲ့သည်။ **သက်လွင်စိုး(ပြန်/ဆက်)**

## မြစ်ကမ်းပါးပြိုကျမှုဘေးအန္တရာယ်ကြောင့် ကြိုတင်ပြောင်းရွှေ့ အိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**ရေနံချောင်း ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဧရာဝတီမြစ်ရေတိုက်စားကာ ကမ်းပါးပြိုဘေး



အန္တရာယ်ကြောင့် ကြိုတင်ပြောင်းရွှေ့ခဲ့ကြသည့် မာန်မြေကျေးရွာအုပ်စု မိန်းမလှကျွန်းကျေးရွာမှ အိမ်ခြေ ၂၄ လုံးနှင့် အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ငွေများကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ပြာစိုးနှင့် တာဝန်ရှိသူများက ဇူလိုင် ၁၆ ရက်တွင် မြစ်ကမ်းပါးပြိုဘေးကြောင့် ရေဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ခဲ့ကြသည့် မိန်းမလှကျွန်းကျေးရွာမှ အိမ်ခြေ ၂၄ လုံး၊ အိမ်ထောင်စု ၂၄ စုမှ လူဦးရေ ၁၀၈ ဦးတို့အတွက် ဆန်ရိက္ခာနှင့် ပြောင်းရွှေ့စရိတ်ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၂၉၄၀၀၀၀ ကို ကျေးရွာတာဝန်ခံနှင့် ပြည်သူများထံလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မဟာအောင်မြေမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား UID ကောက်ယူခြင်း ကွင်းဆင်းဆောင်ရွက်

**မဟာအောင်မြေ ဩဂုတ် ၁**

မဟာအောင်မြေမြို့နယ်ရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဇီဝဆိုင်ရာ ကိုယ်ရေးအချက်အလက် Biometrics (UID)ကောက်ယူခြင်းလုပ်ငန်းကို ဇူလိုင် ၃၀ ရက်က မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်(၁)၌ ကွင်းဆင်း ဆောင်ရွက်ပေးရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်တို့က လာရောက်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့စီးပွားရေးဘဏ်မှ မန်နေဂျာနှင့် ဝန်ထမ်းများကလည်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ဗန်းမော်မြို့ ပြည်သူ့ဆေးရုံကြီး၌ ပုံမှန်ကာကွယ်ဆေးထိုးနှံ

**ဗန်းမော် ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမော်မြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဩဂုတ် ၁ ရက်မှ စတင်ကာ ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ထိုးနှံပေးခြင်းတို့ကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်လင်းက ဦးဆောင်၍ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများ၊ သားဖွားဆရာမများနှင့် ပရဟိတလူငယ်များက ပါဝင်ကူညီပေးကြပြီး နှစ်လသားအရွယ်ကလေးများ၊ လေးလသားအရွယ်ကလေးများ၊ ခြောက်လသားအရွယ်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဩဂုတ် ၁ ရက်မှ ၃ ရက်နေ့အထိ ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဘွား(ဗန်းမော်)**



## MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် ဩဂုတ် ၁**

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များမှ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိရေး၊ ဥပဒေနှင့်အညီ ထုတ်လုပ်ရေး စဉ်ဆက်မပြတ်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ကျောက်ဆည်မြို့နယ်အတွင်းရှိ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများသို့ ကွင်းဆင်း၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်ရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်းလတ်နှင့် အဖွဲ့ဝင်များသည် "ရွှေလရောင်"ကြက်သွန်ပေါင်းကြော်လုပ်ငန်း၊ "ကျော်" ကိတ်ခြောက်လုပ်ငန်း၊ "မင်းသူဇော်"ကိတ်အမျိုးမျိုးလုပ်ငန်း၊ "ကံမြင့်သူ"ကြက်သွန်ပေါင်းကြော်လုပ်ငန်းများသို့ ကွင်းဆင်း၍ ထုတ်ကုန်များတွင်ပါဝင်သည့် ပါဝင်ပစ္စည်းများ၊ ထားသိုနည်းများ၊ စားသုံးရန်အညွှန်းများ၊ သတိပြုရန်အချက်အလက်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **သက်မောင်(ကျောက်ဆည်)**

## မောက်မယ်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**မောက်မယ် ဩဂုတ် ၁**

မောက်မယ်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း (မောက်မယ်) နှင်းဆီဆောင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ မောက်မယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်က အမှာစကားပြောကြားပြီး မြို့မစခန်းမှူး ဒုရဲမှူး မြင့်မောင်က ကျောင်းသား ကျောင်းသူ လူငယ်၊ လူရွယ်လေးများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ Quick Win အစီအမံငါးရပ်တွင် ပါဝင်သည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်စဉ် သိရှိလိုက်နာရမည့် အချက်များ၊ ဂရုပြုရမည့် လမ်းညွှန်အမှတ်အသားများ၊ ယာဉ်မောင်းနေစဉ် အရက်သေစာ သောက်စားပြီး မောင်းနှင်ခြင်းမပြုရန်၊ ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်းအသုံးမပြုရန်၊ နှစ်ဦးထက် ပိုမိုတင်ဆောင်ခြင်း မပြုရေးနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆောင်ရန် ရှောင်ရန်အချက်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်**
**(မောက်မယ်)**

## ပွင့်ဖြူမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဆင်း

**ပွင့်ဖြူ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

ဦးစွာ ပွင့်ဖြူမြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့(ခွဲ) ဦးစီးအရာရှိ ဒေါ်သဇ္ဇာစိုးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို ဇူလိုင် ၂၈ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်၍ မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဆရာ ဆရာမ ၄၁၉ ဦးအား သင်တန်းနည်းပြများက ခေတ်မီနည်းပညာဖြင့် စာတွေ့ လက်တွေ့ စနစ်တကျ ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



## မြို့သစ်မြို့နယ်၌ ကျောင်းကျန်းမာရေးစစ်ဆေး

**မြို့သစ် ဩဂုတ် ၁**

မြို့သစ်မြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းကို ယမန်နေ့က မင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးဇော်နှင့် ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာမူလတန်းအဆင့် (KG မှ GRADE –5) အထိ ကျောင်းသားကျောင်းသူများအား သန်ချဆေးတိုက်ကျွေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးစစ်ဆေးခြင်း၊ သွားကျန်းမာရေးစစ်ဆေးခြင်း၊ မျက်စိအမြင်စစ်ဆေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်း ကျန်းမာရေးပညာပေးခြင်းနှင့် အာဟာရအုပ်စုအကြောင်း ကျန်းမာရေးပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

## ၂၀၂၅ ခုနှစ် ဩဂုတ်လ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ရွှေကူမြို့တို့တွင် ငါးပေမှ ရှစ်ပေခန့်နှင့် ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် လေးပေမှ ခုနစ်ပေခန့်နှင့် မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ ဒုဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ငါးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**



## မိုးနဲမြို့၌ အွန်လိုင်းလိမ်လည်မှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေး အသိပညာပေးဆွေးနွေး

**မိုးနဲ ဩဂုတ် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ မဖြစ်ပေါ်စေရေး အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်ဥပဒေရုံး၌ ယမန်နေ့က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဥပဒေအရာရှိ ဦးရဲမင်းထွဋ်က အင်တာနက်အွန်လိုင်းအသုံးပြု၍ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံမှ ငွေကြေးနှင့် အချက်အလက်များ လိမ်လည်လှည့်ဖြားရယူခြင်းများ၊ အင်တာနက်အွန်လိုင်းအသုံးပြု၍ လောင်းကစားမှု၊ လိမ်လည်မှုနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာများကို သတိပြုဆင်ခြင်နိုင်ရေး ဆွေးနွေးပြီး အသိပညာပေး ဗီဒီယိုကလစ်များ ပြသခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ကန့်ဘလူမြို့၌ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

**ကန့်ဘလူ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့က အမှတ်(၁)ရပ်ကွက် တောင်သူ ဦးအုန်းကျော်၏ နေအိမ်၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

နည်းပညာပေးဆွေးနွေးပွဲတွင် ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှကြိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးဇော်တို့က တောင်သူများအား စိုက်ပျိုးရေးနည်းပညာများ၊ ခေါင်နှံစနစ်ဖြင့် မျိုးပွားနည်းစနစ်များ၊ IPM စနစ်များ၊ ယူရီးယားအစားထိုး သဘာဝအားဖြည့်အရည် ပြုလုပ်သုံးစွဲပုံနည်းများနှင့် ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ သီးနှံများအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးနည်းများ၊ သီးနှံစိုက်ခွမ်းအား မြင့်မားတိုးတက်ရေးအတွက် သီးထပ်၊ သီးညှပ် တိုးချဲ့စိုက်ပျိုးရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို ဆွေးနွေးပြောကြားသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

### (၇၇)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၅ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**

င - ၅၇၆၃၄၆

ကံထူးရှင်(၁)ဦး

**အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု**

ဈ - ၄၄၆၀၁၁

ကံထူးရှင်(၁)ဦး

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု**

က - ၁၈၁၂၆၃

ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ**

ဃ - ၃၈၈၉၅၈

ခ - ၈၄၆၄၅၅

ကံထူးရှင်(၂)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ**

| | |
|---|---|
| ဆ - ၂၆၆၁၇၅ | စ - ၆၁၀၂၄၉ |
| စ - ၄၆၀၇၀၆ | ဆ - ၇၅၀၆၁၇ |

ကံထူးရှင်(၄)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ**

| | | |
|---|---|---|
| ဃ - ၁၅၃၃၁၉ | က - ၆၃၇၄၀၂ | င - ၇၄၇၄၇၀ |
| ဖ - ၂၃၂၂၈၅ | စ - ၇၀၈၄၃၈ | ဈ - ၇၄၇၆၄၄ |
| ဈ - ၄၅၀၉၃၅ | ဈ - ၇၄၅၈၁၄ | ဆ - ၈၅၇၅၂၉ |

ကံထူးရှင်(၉)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ**

| | |
|---|---|
| ဂ - ၁၃၈၁၂၄ | ဆ - ၄၃၄၅၆၅ |
| ဂ - ၁၅၅၅၁၀ | ဂ - ၄၆၄၁၀၁ |
| ခ - ၁၇၂၅၄၆ | ဃ - ၄၆၉၃၆၄ |
| ခ - ၂၀၁၅၅၆ | စ - ၄၇၃၅၄၀ |
| က - ၂၈၉၆၀၅ | ဈ - ၄၈၂၃၀၇ |
| ဖ - ၃၀၆၅၃၅ | ဈ - ၇၁၉၉၄၃ |
| ခ - ၃၄၁၂၆၈ | |

ကံထူးရှင်(၁၃)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ**

| | | |
|---|---|---|
| ဆ- ၁၂၆၇၈၄ | ဃ- ၂၉၆၇၂၆ | င - ၅၆၅၄၄၆ |
| ဈ - ၁၂၈၁၀၂ | ခ - ၃၅၁၇၄၅ | စ - ၆၆၂၁၂၃ |
| ဆ- ၁၄၆၄၆၀ | ဈ - ၃၆၁၂၁၄ | စ - ၆၉၉၇၂၂ |
| က- ၂၄၄၅၃၉ | င - ၃၆၁၂၈၅ | စ - ၉၆၇၈၆၈ |
| င - ၂၈၂၅၁၅ | ခ - ၄၈၆၉၈၂ | င - ၉၉၈၂၃၇ |
| ဂ - ၂၉၁၆၆၅ | က- ၅၃၄၈၈၉ | |

ကံထူးရှင်(၁၇)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ**

| | |
|---|---|
| ခ - ၂၉၅၉၀၁ | ဃ - ၆၅၉၃၆၆ |
| ဃ- ၃၁၁၇၉၅ | ခ - ၆၆၆၁၉၆ |
| က- ၃၃၈၉၆၁ | ဂ - ၆၇၂၄၈၆ |
| ဂ - ၄၀၅၆၃၅ | ဖ - ၈၁၅၉၇၃ |
| ဆ - ၅၈၀၅၉၆ | က - ၈၇၇၄၄၆ |
| စ - ၆၀၀၄၃၈ | ဃ - ၉၀၇၈၇၄ |
| ခ - ၆၄၀၉၈၅ | ဂ - ၉၁၃၄၈၁ |
| က- ၆၄၂၀၆၀ | က - ၉၅၂၄၈၁ |

ကံထူးရှင်(၁၆)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်**

ခ - ၁၂၇၃၆

င - ၃၂၄၀၅

စ - ၅၄၃၉၄

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၈)ယူနစ်**

| | |
|---|---|
| က - ၁၀၁၅ | ခ - ၆၂၀၃ |
| စ - ၂၇၂၅ | ဂ - ၆၄၀၃ |
| ဈ - ၃၇၁၃ | က - ၇၂၈၃ |
| ခ - ၅၉၀၂ | ဃ - ၉၁၇၈ |

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၈၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၃)ယူနစ်**

က - ၂၆၅ စ - ၃၆၅ ဈ - ၇၈၄

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၃၀၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၅)ယူနစ်**

ဃ- ၃၇ ဃ - ၆၅ ဈ - ၆၅ ဂ - ၆၉ ဈ - ၇၂

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၅၀၀၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်**

က - ၉

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

| | |
|---|---|
| က - ၃၁၇၉၁၇ | ခ - ၅၀၁၉၂၈ |
| ဖ - ၄၉၀၂၀၇ | ဆ - ၆၆၁၀၅၃ |

ကံထူးရှင်(၄)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်**

စ - ၇၈၉၆၈ က - ၈၁၀၁၉

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်**

က - ၇၂၂၂ ဖ - ၈၁၂၇

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်**

က - ၁၇၀ စ - ၆၆၄

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် ကျင်းပသည့် (၇၇)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၁၅၆၁၁၈ ) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၁၅၆၁၁၈ ) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၇၈)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉)လုံး ဖြစ်ပါသည်။

၃။ (၇၇)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၄-၈-၂၀၂၅) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၃-၈-၂၀၂၅) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/85982, Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ Ncx Myanmar-Co.,Ltd. က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သာယာဝတီ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 41W/40297, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၁၄/ဟသတ(နိုင်) ၃၂၀၉၀၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/67179 M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီရှိုင်းထက် ၇/အတန(နိုင်)၁၂၆၄၉၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း)ကျန်စစ်မင်း အိမ်ရာအပိုင်း (၂)၊ အဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ် (၁၈)၊ အခန်းအမှတ် (၄၀၂) သည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရှိ စုပေါင်းပိုင်မြေနှင့် အဆောက်အအုံသည် ဒေါ်တင်မော်မော်ထွန်း (၁၂/သဃက(နိုင်)၀၆၂၅၆၉) အမည်ပေါက် ပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ပါသည်။ ဒေါ်တင်မော်မော်ထွန်းထံမှတစ်ဆင့် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန္ဒာလင်း (၁၂/ရကန(နိုင်)၀၆၈၂၉၃)ထံမှ ကျွန်တော် ဦးတင်အောင်စော (၁၂/လမန(နိုင်)၀၄၈၈၈၄)ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဉာဏ်လင်းအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၁၄)**
**အမှတ် (၄၃)၊ ပထမထပ်၊ အခန်းအမှတ် (A)၊ (၃၈)လမ်း၊**
**ကျောက်တံတားမြို့နယ်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## အိမ်မဲမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၃

| | | |
|---|---|---|
| ဒေါ်သန်းသန်းအေး | နှင့် | ၁။ ဦးတင့်လွင်<br>၂။ ဒေါ်သီသီခိုင်<br>၃။ ဒေါ်လေးလေးခိုင်<br>၄။ ဦးတက်နေလင်း |
| **တရားလို** | | **တရားပြိုင်များ** |

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊အိမ်မဲမြို့နယ်၊ လယ်ပေါ်ရပ်ကွက်၊ (၆)လမ်းနေ (၂) တရားပြိုင် ဒေါ်သီသီခိုင်(ဘ)ဦးမြင့်အုန်း၊ (၄)တရားပြိုင် ဦးတက်နေလင်း(ဘ)ဦးမြင့်အုန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်၊

သင့်အပေါ်၌ တရားလို ဒေါ်သန်းသန်းအေးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆို ချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက် (၁၃၈၇ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေသဥ္ဇာနွယ်)**
**မြို့နယ်တရားသူကြီး**
**အိမ်မဲမြို့နယ်တရားရုံး**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၂၁ ၊ နည်းဥပဒေ - ၂၂)
## ရမည်းသင်းခရိုင်တရားရုံး၌
## ၂၀၂၃ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၈၁ နှင့် ဆက်နွှယ်သည့်
## ၂၀၂၅ ခုနှစ် ၊ တရားမဇာရီမှုအမှတ် - ၂၅

| | | |
|---|---|---|
| ဒေါ်လှဲ့လှဲ့ဝါ | နှင့် | မအေးမာသိန်း |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံး)** |

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ အင်ကြင်းကန်အုပ်စု၊ လွှဲဦးကျေးရွာနေ ဒေါ်လှဲ့လှဲ့ဝါ(ဘ)ဦးလှဝင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၁ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်း တစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၃)ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးမြင့်)**
**ခရိုင်တရားသူကြီး**
**ရမည်းသင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀
## ဘီးလင်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၁

| | | |
|---|---|---|
| ဒေါ်အေးအေးမော် | နှင့် | ဦးခင်မောင်အေး |
| **တရားလို** | | **တရားပြိုင်** |

ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက်(၇)၊ ပိတောက်လမ်းနေ ဦးခင်မောင်အေး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်အေးအေးမော်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၂၈ရက် (၁၃၈၇ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသည့် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းနှင်းဝေ)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဘီးလင်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပခုက္ကူခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈

| | | |
|---|---|---|
| မြန်မာနိုင်ငံသားများဘဏ်လီမိတက်<br>(၎င်းဘဏ်၏ကိုယ်စား ပခုက္ကူဘဏ်ခွဲတာဝန်ခံ<br>ဒေါ်နုရည်ထွန်း) | နှင့် | ၁။ ဒေါ်တမ်မောင်းထုံ<br>(ခ) ဒေါ်မောင်းထုံ<br>၂။ ဦးအောင်ဇေယျာဝင်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

အထက်ပါအမှုမှ တရားပြိုင်များဖြစ်သော (၁)တရားပြိုင် ဒေါ်တမ်မောင်းထုံ (ခ)ဒေါ်မောင်းထုံနှင့် (၂)တရားပြိုင် ဦးအောင်ဇေယျာဝင်း၊ (အတူနေသားအမိ) လူသုံးကုန်နှင့်အထည်မျိုးစုံ ရောင်းဝယ်ရေး၊ မတူပီ - မင်းတပ်လမ်း၊ စံပြရပ်ကွက်၊ မင်းတပ်မြို့နေ (ယခုနေရပ်လိပ်စာမသိ)သူတို့သိစေရမည်။

သင်တို့အပေါ်၌ တရားလို မြန်မာနိုင်ငံသားများဘဏ်လီမိတက် (၎င်းဘဏ်၏ကိုယ်စား ပခုက္ကူဘဏ်ခွဲ တာဝန်ခံ ဒေါ်နုရည်ထွန်း)က **"ဘဏ်ကြွေးမြီငွေကျပ် ၇၅၂၁၆၂၁၇. ၇၃ (ကျပ်ခုနှစ်ရာငါးဆယ့်နှစ်သိန်းတစ်သောင်းခြောက်ထောင်နှစ်ရာတစ်ဆယ့်ခုနှစ်နှင့် ပြားခုနှစ်ဆယ့်သုံးတိတိ)အပေါ် တရားစရိတ်နှင့်တကွ ငွေရလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဩဂုတ်လ(၂၉)ရက်၊ ၁၃၈၇ခုနှစ်၊ တော်သလင်းလဆန်း(၇)ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းဇော်ဦး)**
**ခရိုင်တရားသူကြီး**
**ပခုက္ကူခရိုင်တရားရုံး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု)မြို့နယ်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း Grade-12 သင်ဆဲ မသဥ္ဇာနွယ်ဖခင် ဦးမောင်ချို၏ အမည်မှန်မှာဦးချို ၈/စတရ(နိုင်)၀၄၀၀၄၆ ဖြစ်ပါကြောင်း။

**ဦးချို**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု)မြို့နယ်၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း Grade-12 သင်ဆဲ မဇွန်ဖြူဖြူသန်းဖခင် ဦးပေါက်စ၏ အမည်မှန်မှာ ဦးနောက်တိုး ၈/စတရ(နိုင်) ၀၂၉၄၆၃ ဖြစ်ပါကြောင်း။

**ဦးနောက်တိုး**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈၄)၊ ဈေးအကွက်၊ ဦးပိုင်အမှတ်(၁၇၂)၊ ဧရိယာ(၀.၀၄၂)ဧကရှိ ဦးစိန်သွင် အမည်ပေါက် ဘိုးဘပိုင်မြေကို ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ တောင်ကလေး ကျေးရွာနေ ဦးလှအောင်မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

